www.burmeseclassic.com

ထိတ်လန့်ချောက်ချားဖွယ်သရဲဝတ္ထု

# အရှိတတစ္ဆေ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးသော တာရွှေသရဲ ဝိဉာဉ်တို့၏ အခြောက်အလှန့်
ားသည် အသည်းငယ်ကြောက်တတ်သော သူတို့အတွက်. . .
ှုတ်မတတ် ကြောက်လန့်ဖွယ်အရာများ ဖြစ်ခဲ့ကြဖူးလေ၏။

တကယ်တမ်း ယင်းအရာများထက်. . . အဆပေါင်းများစွာ
ကြောက်မင်ဖွယ်ကောင်းလှသော. . .

အဖျိုတစိတ်တာရွှေ ၏ အခြောက်အလှန့်ကို သွေးပျက်
ှတ် သွားရလောက်အောင် ခံစားကြရသေ အခါဝယ်. . . .



အဖျိုတာ တာရွှေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၃၈၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၆၁၀၆၀၉
၂၀၀၉ ခုနှစ်၊ ဇူလိုင်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀ဝ/-) ကျပ်

◈ ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း၊ အင်ပါယာစာပေ၊
တိုက်–၂၁၊ အခန်း–၁၁၊ ဦးဝိစာရလမ်းမ/မြောက်ဒဂုံ။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်ပိန် (၀၂၉၄၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးမြင့်ဇေ (၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်၊
အမှတ်(၁၈၂)၊(၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ကြယ်စင်လင်းစာပေ
အမှတ် (၅၇၇)၊ ဇာနည် (၁၀) လမ်း၊ (၉) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဂ၉၅ ဂ၃
ပုဏ္ဏက
အမ္ဗိတ တခွေ / ပုဏ္ဏက။ – ရန်ကုန်။
အင်ပါယာစာပေ ၊ ၂၀၀၉ ။
၁၂၅ – စာ ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) အမ္ဗိတ တခွေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

လှုပ်ခတ်တုန်ရင်နေသော ရင်အစုံ၏ တဒိတ်ဒိတ်ခုန်သံကို ကိုယ်တိုင်ပင်ပြန်၍ ကြားနေရလေ၏။

အေးစက်စို့စိမ့်သည့် ချွေးစေးတို့ကလည်း ကြောက်စိတ်နှင့် အတူ သူမ၏ တစ်ကိုယ်လုံးရွှဲစိုနေသည့်တိုင် မျက်လုံးများကိုမူ မှိတ်ရဲ. . .

BURMESE CLASSIC

ထိုအချိန် ကြားနေရသည့် ခပ်ဝေးဝေးဆိုင်တာစ်ခုက လွင့်ပျံ့လာသည့် သီချင်းသံသဲ့သဲ့ကိုပင် သွေးညှိနှံ့သင်းသော အရိုင်းဝိဉာဉ် ခေါ်သံတစ်ခုလေလားဟု ထိတ်လန့်စွာ ထင်မှတ်မိပြန်၏။

ခြောက်ခြားဝိုင်းစက်နေသော မျက်လုံးများဖြင့် သူမ. . . မှန်ပြူတင်းပေါက်ဆီသို့ ကြည့်၍နေဆဲမှာပင်. . .

" ဟင် "

မှုန်ဝါးဝါးအရိပ်တစ်ခုကို သူမ စတင်မြင်တွေ့လိုက်ရတော့သည်။ အဆုံးစွန်သော ကြောက်လန့်စိတ်ကြောင့် အော်ဟစ်ရန်ပင် သူမ သတိမေ့ လျော့၍သွားရလေတော့၏။

ထိုစဉ် မှန်ပြူတင်းပေါက်မှ အရိပ်က ပီသထင်ရှားလာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဖြူဖွေးဖွေး မျက်နှာကြီးထက်၌ သွေးတို့ရွှဲနစ်နေကာ မျက်လုံးတို့က ပြူးကြောင်နေကြ၏။

သူမ ထိတ်လန့်တကြားမြင့် အဲဝေးဆုံးနံရံဘက်ဆီသို့ လှုပ်ရှား တွန်းထိုးရင်းမှ သတိဝင်လာလျှက် ငယ်သံပါအောင် အော်ဟစ်လိုက်မိ တော့သည်. . .

" . . . အား. . . "

× × ×

" သမီး. . . "

" ဟဲ့. . . သမီး"

" ဩော်. . . ဒီကောင်မလေးနှယ်"

ပထမဦးဆုံး မေမေ့သံနှင့် ဖျတ်ခနဲပွင့်လာသည့် မျက်လုံးတို့က မေမေ့သဏ္ဍာန်ကို မြင်တွေ့ကြားသိလိုက်ရမှ ဝသာန်မျောလွင့် လှုပ်ခတ် နေသည့် စိတ်အလျှင်တို့ကို ပြန်လည်စုစည်းမိလိုက် တော့သည်။

သို့တိုင် တုန်ရင်မောဟိုက်မှုတို့ကမူ မပြေသေး. . .

" ဟင် "

" မေမေ"

" မေမေ"

မေမေက သူမကို ခါးထောက်ကာ ရပ်ကြည့်နေ၏။

" နေ့ခင်းကြောင်တောင်ကြီးတောင်. . . မက်ပြန်ပြီလား ဒီ အိပ်မက်. . . "



www.burmeseclassic.com

www.burmeseclassic.com



ဝသန် မေမေ့ကို ရှက်ပြုံးကလေး ပြုံးပြလိုက်မိသည်။

" အာ. . . မေမေကလည်း. . . "

ဟု ဆိုလိုက်တော့. . .

" အာ မေမေကလည်းမလုပ်နဲ့. . . မိဝသန်နော်. . . "

" ဒီ သရဲစာအုပ်တွေ သရဲခွေတွေ မကြည့်ပါနဲ့ မကြည့်ပါနဲ့ ဆို လည်းမရ. . . ပြီးတော့ ဒီလိုပဲ အိပ်မက်တွေ ယောင်ပြီး လန့်လန့်အော် ညည်းနဲ့တော့ စိတ်ညစ်တော့တာပါပဲ"

ဟု မေမေက ထုံးစံအတိုင်းပဲ ဆို၏။

သူမကလည်း ထုံးစံအတိုင်းပင် စာဖတ်ရင်းမှေးခနဲ အိပ်ပျော်သွားခဲ့သော ဒရင်းဘက်ပေါ်မှ သွက်လက်စွာထလိုက်ပြီး မေမေ့ခါးတုတ်တုတ် ကြီးကို ဖက်လိုက်သည်။

ဒီလိုပါပဲ. . . နောက်ဆုံးတော့ သူမ ချွဲနွဲ့သမျှအောက်၌ မေမေ့ရဲ့ ဗျစ်တောက် ဗျစ်တောက်စကားများ မှေးမှိန်ပျောက်ကွယ်သွားရစမြဲပင်။

တကယ်ဆိုတော့လည်း 'ဝသန်မိုး' ဆိုတဲ့ သူမဟာ ဖေဖေ မေမေ တို့ရဲ့ ရှားရှားပါးပါး တစ်ဦးတည်းမွေးထားသည့် အချစ်ဆုံးဆိုမှ အချစ်ဆုံး သမီးလေး မဟုတ်လား. . .။

ဒီနယ်မြို့ကလေးရဲ့ ဌာနဆိုင်ရာ အကြီးအကဲအရာရှိ တစ်ယောက်လည်းဖြစ် နိုင်ငံကျော်စာရေးဆရာတစ်ဦး လည်းဖြစ်သည့် ဖေဖေ့ဝင်ငွေနဲ့ ဒီနယ်မြို့ကလေးဇာတိ 'မိုး' ကုန်စုံဆိုင်ပိုင်ရှင် မေမေ တို့၏ အခြေအနေကြောင့် ဝသန်တို့ မိသားစုလေးဘဝက အရမ်းကို ပျော်ရွှင်ချမ်းမြေ့စရာ ကောင်းလှတဲ့ မိသားစုလေးရယ်ပါ. . .။

အခုဆို တစ်ဦးတည်းသော သမီးလေးဖြစ်သော ဝသန် ကလည်း ကျောင်းပြီးလို့ အစစအရာရာ ဘာတစ်ခုမှ မပူပင်သောက



www.burmeseclassic.com

www.burmeseclassic.com



ရှိစရာ မလိုတော့ လောက်အောင် တကယ့်ကို သာယာလှပလွန်းသည့် မိသားစုလေးတစ်စု လို့တောင် ဆိုနိုင်ကောင်းရဲ့. . .။

ဒါပေမယ့် ဒီအမြင် ဒီအတွေးက ဝဿန်ဆိုတဲ့ သူမဘက်က ပါနော်. . . ပူပင်စရာမရှိ ရှာကြံပြီး ပူပင်တက်ကြတဲ့ လူကြီးတွေဖြစ်တဲ့ မေမေနဲ့ဖေဖေကတော့ ကျောင်းပြီးသွားလည်း ဝဿန့်ဘဝ ရှေ့ရေးအတွက် ပူပန် ရသေးတာပဲတဲ့လေ။

" သမီးဘဝ ရှေ့ရေးအတွက်လည်း ဘာပူပန်စရာ ရှိလို့လဲ သမီးတို့ဘဝ အတိုင်းအတာလေးတစ်ခုအထိ အရာရာ အားလုံး ပြည့်စုံနေတာပဲ" လို့ သူမပြန်အတွန့်တက်ကြည့်ခဲ့တော့. . . မေမေက. . .

" ဟဲ့. . . ညည်းတစ်သက်လုံး ဒီအတိုင်းနေသွားလို့ ဖြစ်မလား။ ငါတို့မှာ မွေးထားတာ ညည်းတစ်ယောက်တည်း ငါတို့သေသွားတော့ ညည်းဘယ်သူနဲ့ နေခဲ့မလဲ. . . တို့ လင်မယားမသေခင် ညည်းကို စိတ်ချရတဲ့ အိမ်ထောင်ဘက်ကောင်း အဖော်မွန် တစ်ယောက်နဲ့ နေရာချထားပြီးမှ စိတ်အေးရတော့မှာပေါ့. . . "

တဲ့. . .

တကယ်ပါ. . . သူတို့ပြောမှပဲ ဝဿန် အိမ်ထောင်ဖက်တို့ အဖော်မွန်တို့ ဆိုတာတို့ကို အသိစိတ်ထဲမှာ အမှတ်ရလာခဲ့တော့တယ်။

ဘုရားစူး. . . ဝဿန် ဒီအချိန် ဒီအရွယ်အထိ နလုံးသားရေးရာတို့ အချစ်ကိစ္စတို့ဆိုတာတွေကို အမှတ်တောင်မရခဲ့မိဘူး. . . အဲ 'အမှတ် တောင်မရဘူး' ဆိုတဲ့ စကားအသုံးအနှုန်းက နည်းနည်း (over) ဖြစ်တယ် ထင်ရင်တော့ 'လုံးဝ စိတ်မဝင်စားခဲ့ဘူး' လို့ ပြောင်းသုံးရမှာပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါ. . . တကယ့် တကယ် အဟုတ်ကို လုံးဝစိတ်ဝင်စားခဲ့ခြင်းမရှိခဲ့တာ။ ဒီလိုဆိုတော့ ဝသန်မိုး ဆိုတဲ့ကောင်မလေးဟာ ကျောင်းပြီးတဲ့ အချိန်ထိ နှလုံးသားရေးရာ အချစ်ကိစ္စတွေကို လုံးဝစိတ်မဝင်စားခဲ့ဘူး ဆိုတော့. . . စိတ်ဝင်စားလောက်နိုင်မယ့် အခြေအနေမရှိလို့. . . ဥပမာ ရုပ်မလှလို့ ကြိုက်မယ့်သူမရှိလို့ ဆိုတာမျိုးလည်း မတွေးလိုက်နဲ့ဦး. . .

' ဝသန်မိုး ' ဆိုတာက အထက်တန်းကျောင်းသူ ဘဝတရော. . . တက္ကသိုလ်ကျောင်းတက်စဉ်ကပါ ယောက်ျားလေးတွေဝိုင်းစပ်ဖျားမှာ ဝတားဖြစ်ခဲ့တဲ့ မိန်းမချောလေး တစ်ယောက်ရယ်. . .

ဝသန်မိုးဆိုတဲ့ သူမကို စိတ်ဝင်စားတဲ့ သူတွေ. . . သူမဆီက အချစ်ကို လက်ခံတောင်းဆိုတဲ့သူတွေဆိုတာ လက်ချိုးရေတွက်လို့တောင် ရမယ်မထင်ပါဘူး. . .။

ဒါပေမယ့် အဲဒီတုန်းကရော အခုချိန်ထိ ဝသန်ဘယ်လိုသူမျိုးကိုမှ ရင်မခုန်ခဲ့ စိတ်မဝင်စားခဲ့ ဆောရီးလုပ်ပြီး မီးနီပြခဲ့တာချည်းပါပဲ. . .။

'ဘာလို့စိတ်မဝင်စားခဲ့တာလဲ' ဆိုတဲ့ မေးခွန်းမျိုးကို ဂျာနယ်လစ် တစ်ယောက်လို စစ်စစ်ပေါက်ပေါက်မေးခဲ့မယ် ဆိုရင်တော့. . . လည်း. . . ဝသန်ဘက်ကလည်း ဖြေဖို့အဖြေတစ်ခုက ရှိပြီးသား. . .

'အဲဒါတွေထက် စိတ်ဝင်စားစရာကောင်းတဲ့ အရာတွေကို ဝသန်မိုးက အရမ်းစိတ်ဝင်စားတတ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေလို့' ဆိုတဲ့ အဖြေတစ်ခုပေါ့. . .

ဟုတ်သည်. . . နိုင်ငံကျော်စာရေးဆရာတစ်ဦး၏ သမီးဖြစ်နေလို့ လားတော့မသိ။

ဝသန်က အရမ်းစိတ်ကူးယဉ်တတ်သည်။ ထို့ပြင် အထူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်း တွေကို စိတ်ဝင်စား၏။

ရှင်းရှင်းဆိုရလျှင် ဝသန်မိုးဆိုသော သူမကား ဂမ္ဘီရဆန် ဝိဉာဉ်ဆန်သော ထူးထူးဆန်းဆန်းအဖြစ်အပျက်များကိုသာလျှင် အချိန်ပြည့် စိတ်ဝင်စားနေတက်သည့် မိန်းကလေးတစ်ယောက် ဖြစ်နေခြင်းကြောင့် ပါပေတည်း။

ထို့ကြောင့်လည်း သူမသည် သူမစိတ်ဝင်စားသော အကြောင်း အရာများနှင့် ပတ်သက်သည့် စာအုပ်များဆို မလွတ်တမ်း ဖတ်၏။ ယုတ်စွ အဆုံး ဗွီဒီယိုရုပ်ရှင်များကြည့်လျှင်ပင် ဂမ္ဘီရဆန် ဝိဉာဉ် ဆန်သည့် ဇာတ်လမ်း ဇာတ်ကားများမှလွဲ၍ ကျန်ဇာတ်ကားမျိုး များကို စိတ်မဝင်စားခဲ့။

တစ်ခါက အခင်ဆုံးလည်းဖြစ် အတွဲဆုံးလည်းဖြစ်ခဲ့သည့် သူငယ် ချင်း ဖူးစုံက မေးဖူးသည်။

" ဝသန်ရယ် . . . နင် ဝါသနာပါတဲ့ ဟာတွေကလည်း ကြောက်စရာတွေချည်းပဲ . . . မိန်းကလေးတန်မဲ့ ဘာ ကြောင့် ဒီ တစ္ဆေသရဲတို့ ဝိဉာဉ်တို့ဆိုတာတွေကို စိတ်ဝင်စား နေရတာလဲ. . . "

ဖူးစုံ စကားကြောင့် သူမ သွားတက်ဖွေးဖွေးလေးများ ပေါ်သည်အထိ အသံလွင်လွင်လေးဖြင့် ရယ်လိုက်မိသည်။ဘာကြောင့် လဲဆိုတော့ အဲဒီ ဖူးစုံဆိုတဲ့ ကောင်မလေးက တစ္ဆေသရဲတို့ ဝိဉာဉ်တို့ ဆို သူများထက် ပိုပြီးကြောက်တက်တဲ့ ကောင်မလေးဖြစ်နေမှုကို. . . မေးနေတာကို မဖြေဘဲ ရယ်နေလို့ . . . ကြည့်နေတဲ့ မျက်လုံးဝိုင်း ပြူးပြူးလေးနဲ့ ဖူးစုံ ပုံစံကကို ဝသန်အတွက် ရယ်စရာကောင်း နေ၏။

" ဟဲ့. . . ဖြေလေ"



www.burmeseclassic.com

www.burmeseclassic.com



" ဘာလို့ရယ်နေတာတုံး. . ."

" ဟား. . . ဟား. . ."

" နင့် ပုံစံက ရယ်စရာကောင်းလို့ပါ။ ငါကျတော့မေးတယ် နေပါဦး. . . နင်ကရော ဒီလိုကိစ္စမျိုးတွေဆို ဘာဖြစ်လို့ သူများထက်ပိုပြီး ကြောက်နေရတာလဲ. . ."

ရုတ်တရက်မေးလိုက်တဲ့ သူမ စကားကြောင့် ဖူးစုံမျက်လုံး လေးတွေ ပိုပြီး ဝိုင်းသွားသည်။ ပြီးမှ မျက်မှောင်လေးကိုကုတ်၍. . .

" ဟဲ့. . . ဒါ လူတကာ ကြောက်ကြတဲ့ဟာတွေပဲ. . . မကြောက်တဲ့လူ ဘယ်သူရှိလို့လဲ. . ."

" ငါ ရှိတယ်လေ. . ."

ဖူးစုံက သူမ၏မျက်နှာကို အံ့ဩဟန်ဖြင့်ကြည့်၏။

တကယ်ပါ အဲဒီအချိန်တုန်းကထိ ဝသန် ဒါမျိုးတွေကို စိတ်ဝင်စားတာ ဝါသနာပါတာကလွဲပြီး အကြောက်အလန့် တကယ်ပင် မရှိခဲ့။ သို့သော် ယခုအချိန်၌မူ ဝသန်အတွက် ထိတ်လန့် ခြောက်ခြား ဖွယ်ရာ အဖြစ်တစ်ခုဖြင့် ထူးထူးဆန်းဆန်း မယုံကြည်နိုင်ဖွယ် ကြုံတွေ့နေရသဖြင့် ကြောက်လန့်နေရလေသည်။

အရှင်းဆုံး ဆိုရလျှင် ကြောက်လန့်ဖွယ် အိပ်မက်ဆိုး တစ်ခု. . .

ဒီ အိပ်မက်ကြီးက ဝသန့် အာရုံထဲကို ဘယ်ကနေဘယ်လို ဝင်ရောက်လာခဲ့မှန်းပင် မသိတော့။

မက်လိုက်တိုင်း သူမအသည်းနှလုံးကို ဆုပ်ကိုင်ချေမွ ပစ်လိုက် သလိုမျိုး ခြောက်ခြားထိတ်လန့်စိတ်တွေနဲ့ ချွေးသံတို့ အရွှဲရွှဲ. . .

ပြီးတော့ မျက်လုံးထဲတွင်ပင် စွဲဝင်နေလောက်အောင် မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ကြောက်မက်ဖွယ် မျက်နှာကြီးတစ်ခု. . .

သွေးတို့အရွဲသား ဖြူးရော်ရော်လူသေမျက်နှာကြီးနှင့် ကြောက် မက်ဖွယ်ပြူးကြောင်ကြောင် မျက်လုံးကြီးများ. . .

မေမေတို့ပြောသလိုပင် သူမ သရဲဝတ္ထုတွေ သရဲခွေတွေ အကြည့် များခြင်းကြောင့် စိတ်စွဲ၍မက်သည်ပဲလား. . .

တစ်ခုထူးခြားသည်ကတော့. . . ထိုအိပ်မက်သည် ဘယ်သော အခါမှ မပြောင်းလဲဘဲ တစ်ထပ်ထပ် ဆက်ကာ ဆက်ကာ မက်နေခြင်း ပါပေ။

အမှန်ပင် ထိုအိပ်မက်သည် နေ့နေ့ညည ဝဿန့်ကို နှိပ်စက် နေ၏။

ယခုလည်း နေခင်းကြောင်တောင်ကြီးမှာပင် စာဖတ်ရင်း ဒရင်းဘက် ပေါ်တွင် မှေးခနဲအိပ်ပျော်နေခိုက် ခြောက်ခြားဖွယ် ဒီ အိပ်မက်ကို မက်နေရပြန်သည်။

မေမေ့ရှေ့တွင်မို့ ပြီးတော့လည်း ကိုယ့်အပြစ်နှင့်ကိုယ် (သရဲဝတ္ထု သရဲခွေတွေကို နှစ်ခြိုက်စွဲမြဲစွာ ကြည့်ရှုတက်ခဲ့သော ဝါသနာ) မို့သာ ဝဿန် ကြွေမပျက် မျက်နှာမပျက်အောင် အပါတ် ပေါင်းများစွာ ကြိုးစား နေခဲ့သော်လည်း ကြာလျှင်မလွယ်တော့မှန်း ကိုယ့်ဘာသာကိုယ် ဝဿန်သိ နေတော့သည်။

ဝဿန်အာရုံ အိပ်မက်တွေထဲက မြန်မြန်ထွက်သွားပါတော့ အိပ်မက်ဆိုးကြီးရယ်. . . . ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

" နင်ပြောသလိုဆို မလွယ်ပါလား ဝဿန်ရယ်. . ."

" နင်ပြောတာနဲ့တင် ငါတောင်ကြောက်လာပြီ. . ."

သူမစကားအဆုံး ဖူးစုံက တကယ်ကြောက်ဟန်ဖြင့် ပုခုန်းသေးကို တွန့်ကာဆို၏။

" တကယ်ပါပဲ ဟာ. . ."

" ငါလည်း တော်တော်ညစ်နေပြီ. . . ဒီအိပ်မက်ကြီး မမက်ရအောင် ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး. . ."

" အေးဟယ်. . ."

" နင် ခုတလော တော်တော်လေးတောင် ချောင်သွားတယ်"

" အေးပေါ့. ."

" ဒီအိပ်မက်ကြီးက ခြောက်လှန့်နေတော့ ညဖက်ဆိုလည်း အိပ်ရေးတွေပျက်မှာ ပေါ့နော်. . . သနားလိုက်တာ ဝဿန်ရယ်. . ."

ဖူးစုံက ဂရုဏာမျက်ဝန်းလေးများဖြင့် ဝဿန့်ကို ကြည့်ကာ လက်ပိန်သေးသေးလေးများဖြင့် ယုယကြင်နာစွာပွတ်ထွေး



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

ပြီးမှ တစ်ခုခုကို သတိရလိုက်ဟန်မျိုးဖြင့်. . .

" ဟယ်. . .ဟုတ်ပြီ "

" အခုမှ ငါ သတိရတယ်. . . "

" ဝဿန် ဒီလို မကောင်းတဲ့အိပ်မက်ဆိုးတွေ အတိတ်နိမိတ်ဆိုးတွေ မမြင်မမက်စေတဲ့ ဂါထာတစ်ပုဒ်ရှိ တယ် ဟဲ့. . . "

" ဟို ဓာရဏ ပရိတ်လေဟာ. . . "

" နင်. . . နင်ရလား"

" လုံးဝမရဘူး"

" အယ် "

ဝဿန်အဖြေကြောင့် ဖွားစုံနှုတ်ဆိတ်သွားရပြန်တော့၏။ ခဏ အကြာမှာ. . .

" ဒါ. . . ဒါဆို ဒုက္ခပါပဲဟယ်. . . "

ဟု ငြီးသည်. . .

အခုဟာက ဒုက္ခမှ တကယ့်ဒုက္ခ သူငြီးနေမှမဟုတ်. . .

လက်တွေ့ခံစားနေရသည်က ဝဿန်. . .

အခုဆို. . .

အိပ်ပျော်မည်ကိုပင် ကြောက်နေရသည်။ နောက်ဆုံး ဖေဖေ မေမေတို့ကိုပါ အမှန်အတိုင်းဖွင့်ပြော၍ တစ်ခုခု လုပ်ရမည်လား ဟူသော အတွေးမျိုးပင် ဝဿန်စိတ်ကူးမိသည်။

ဝဿန် ဖွားစုံတို့အိမ်ဘက်က ပြန်ခဲ့တော့ ခေါင်းထဲတွင် ထိုစိတ်ကူးက လွှန်ဆွဲနေတော့၏။

သို့သော် အိမ်ထဲသို့အရောက် မြင်လိုက်တွေ့လိုက်ရသော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



စိမ်း ညှို့သည်များကြောင့် ဝဿန် အံ့အားသင့် သွားတော့သည်။

" ဟော. . . သမီးက ဖူးစုံတို့ဘက် ရောက်နေတာကိုး. . . "

" ရှိရေ. . . ဒါ ခင့်တို့ သမီးလေး ဝဿန်မိုးလေ. . . လာဦး သမီး"

ဖြူဖြူသန့်သန့် မိန်းမကြီးတစ်ဦးကို မေမေက ရွှမ်းရွှမ်း ဝေအောင် ပြောရင်း သူမကို ခေါ်သည်။ ဝဿန် လူကြီးတွေရှေ့တွင် ဦးခေါင်းလေးကို အသာငုံ့ပြီး ဝင်ထိုင်လိုက်ရတော့သည်။

" ကြည့်စမ်း. . . ခင့်သမီးလေးက လိမ္မာလိုက်တာ. . . "

" ချောလိုက်တာလည်း မှန်နေတာပဲ. . . နာမည်လေးက လည်း ချစ်စရာလေး. . . "

" ရှိတော့ သမီးလေးကို မြင်မြင်ချင်း သဘောကျသွားပြီ ခင်ရေ"

" ဟင်း. . . "

" ဟင်း. . . "

" သဘောကျရမယ်လေ. . . ခင်တို့ ရွှေလိုဥပြီး မွေးထား ခဲ့တာပဲ ပြီးတော့. . . အမေတူ သမီးလေးနော်. . . "

" ဟင်း. . . "

" ဟင်း. . . "

" ဟုတ်ပါတယ်. . . "

" ဟုတ်ပါတယ်"

" ဟင်း. . . "

" ဟင်း. . . "

အမျိုးသမီးကြီးနှစ်ယောက် ရင်းနှီးဖော်ရွေစွာ ပြေဆိုရယ် မောနေဆဲ ဝဿန့်အကြည့်က ညှို့သည် အမျိုးသမီးကြီးနှင့် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဘေးက လူကို မသိမသာ အကဲခတ်မိသွားသည်။

" ဘုရားရေ. . ."

ဒီလူ သူမကို ရွှမ်းရွှမ်းစားစားကြီး စိုက်ကြည့်နေပါရောလား။ ဝသန်မျက်လွှာလေးကို အမြန်ချလိုက်ရ၏။

ထိုစဉ်ပင် မေမေက ညှော်သည်တွေကို မိတ်ဆက်ပေးတော့သည်။

" သမီး. . . ရေ. . . ဟောဒါက. . . အန်တီမြင့်တဲ့. . ."

" မေမေ့ရဲ့ အချစ်ဆုံး ငယ်သူငယ်ချင်းတစ်ယောက်ပဲ။ ဒါကတော့ ရီ့ရဲ့သား မောင်မင်းခန့်ကျော်တဲ့. . ."

" ထွန်းဘရားသား ဆောက်လုပ်ရေးကုမ္ပဏီက လက်ထောက်အင်ဂျင်နီယာချုပ်လေ. . . အရင်တုန်းက ရီတို့ ဒီမြို့ကလေးမှာ နေသွားခဲ့ကြသေးတယ်။ အဲဒီတုန်းက သမီးလေးတောင် မမွေးသေးဘူးနော် ရီ. . ."

" ဟုတ်တယ်လေ သားတောင် အဲဒီတုန်းက သုံးနှစ်သားပဲ ရှိသေးတာလေ ခင်ရဲ့ "

မင်းခန့်ကျော်တဲ့. . . ထွန်းဘရားသား ဆောက်လုပ်ရေးကုမ္ပဏီက လက်ထောက်အင်ဂျင်နီယာချုပ်တဲ့ ဝသန့်ထက် သုံးလေးနှစ်လောက်ကြီးပြီး အသားလတ်လတ် ကြည့်ပျော်ရှုပျော်ရှိသည့် ခပ်သန့်သန့်ရုပ်ရည်မျိုးရှိသော 'သူ' ကလည်း အပြုံးဖြင့် ဆိုလာပြန်သည်-

" ဝသန်မိုးလည်း အခု ကျောင်းပြီးသွားပြီပေါ့နော်။ ဘာဂျာနဲ့ ပြီးလဲ. . ."

" အိုကို နဲ့ပါ "

" ဟာ. . . စီးပွားရေးဘွဲ့ပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



" ကျောင်းပြီးသွားပြီဆိုတော့ ဘာလုပ်ဖို့ စိတ်ကူးထားလဲ. . . ကုမ္ပဏီတွေဘာတွေ ထောင်ဖို့ အစီအစဉ်မရှိဘူးလား. . . ကုမ္ပဏီထောင်မယ်ဆိုရင်တော့ ဆောက်လုပ်ရေးကုမ္ပဏီပဲထောင်နော်။ ဒါမှ ကိုယ်. . . ဝသန်မိုးတို့ကုမ္ပဏီမှာ အလုပ်ဝင်လို့ရမှာ. . .ဟဲ. . . ဟဲ"

" ဟင်း. . . ဟင်း. . . အဲဒါပဲကြည့်တော့ ခင်ရေ. . ."

" သားက လူကသာ အင်ဂျင်နီယာချုပ်ဖြစ်တော့မယ်. . . သိပ်ပြီး အပျော်ကြိုက်တာရယ်. . ."

" ဟာ မေမေကလည်း ပျော်ပျော်နေသေခဲဆိုတဲ့ စကားပုံတောင်ရှိမှပဲ. . . ပျော်ပျော်နေမှ အသက်ရှည် မှာပေါ့ ဟုတ်တယ်နော် အန်တီ. . ."

" ဟုတ်ပါ့တော်. . ."

" ဟုတ်ပါ့"

" ဟုတ်ပါ့"

" ဟင်း. . ."

" ဟင်း. . ."

စကားဝိုင်းလေးက သူ့ကြောင့် ရယ်မောသံတို့ဖြင့် ညည်ဝေ[illegible]ရ လေတော့၏။

တကယ်ပါပဲ. . .

မြန်ဆန်လွန်းတယ်လို့ ဆိုရမလား အစစ အရာရာ ပြည့်စုံပြီး [illegible]သဘောထားလည်း ပြည့်ဝကြသော အန်တီ ရီရီမြင့်တို့ မိသားစု [illegible]ာက်ထပ် တစ်ကြိမ်ရောက်လာပြီး နောက်တွင်ပင် ကိုမင်းခန့်ကျော် [illegible]ဝသန်တို့ နှစ်ယောက်ကို လက်ထပ်ပေးမယ့်အကြောင်း ဝသန် [illegible]ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအခေါက်က ကိုမင်းခန့်ကျော်တို့အဖေ နှလုံးရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်ကျော်ပါ ပါလာခဲ့သည်။ အဲဒီနေ့က ဖေဖေပါ ရုံးပိတ်သည့် တနင်္ဂနွေနေ့လည်း ဖြစ်ပြန်တော့ မိသားစုတွေစုံညီကာ မင်္ဂလာစကားကို ပြောဆိုတိုင်ပင်ခဲ့ကြသည်။ ပြီးတော့ လူကြီးချင်းညှိနှိုင်းပြီး မင်္ဂလာရက်ကိုပါ တစ်ခါတည်း သတ်မှတ်လိုက်ကြ၏။

တကယ့်ကို မြန်မြန်ကြီးပါပဲ. . .

နဂိုကတည်းက နှလုံးသားရေးရာ အချစ်ကိစ္စတွေနဲ့ ကင်းရှင်းခဲ့သော ဝဿန်အတွက်ကလည်း ကိုမင်းခန့်ကျော်ကို ငြင်းစရာအကြောင်း ပြချက်ရှာစရာ ဘာတစ်ခုမှမရှိ. . .

ကိုမင်းခန့်ကျော်ကလည်း ဝဿန့်ကို မြင်မြင်ချင်းပင် မေတ္တာရှိပါသည်ဟု လူကြီးတွေရှေ့တွင်ပင် ပွင့်လင်းစွာဖွင့်ပြောလာခဲ့ရာ. . . ဝဿန့် အဖို့ ခေါင်းမငြိမ့် ခေါင်းမခါနှင့်ပင် လူကြီးတွေ စီစဉ်ကြသည့်အတိုင်း လိုက်နာခဲ့ရလေတော့သည်။

ထိုအတောအတွင်း မင်္ဂလာပွဲအတွက် ထွေလာကာလာကိစ္စရပ်များ လုပ်ရင်း ဝဿန်မိုးနှင့် ကိုမင်းခန့်ကျော်တို့ နှစ်ဦးသားတွဲ သွားတွဲလာ ဖြင့် ရင်းနှီးခဲ့ကြရလေ၏။

တစ်ရက် မြို့ထဲက ပစ္စည်းတွေဝယ်ပြီး ပြန်လာအပြီး ဝဿန်ပင်ပမ်းသွားသည်နှင့် လှဲနေကျဒရင်းဘက်ပေါ်တွင် ခေတ္တလှဲရင်း အိပ်ပျော် သွားခဲ့သည်။

သည်တွင်ပင် ခြောက်ခြားဖွယ်အိပ်မက်ကြီးကို ဝဿန်မက်ရပြန်တော့၏။ ဒီတစ်ခါ အိပ်မက်ထဲက ကြောက်မက်ဖွယ်မျက်နှာကြီးသည် ကိုမင်းခန့်ကျော်၏ မျက်နှာကြီးဖြစ်၍ နေလေသည်။

သွေးရောင်အလျှင်း ကင်းမဲ့သော မျက်နှာကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းခန့်ကျော် က မလှုပ်မရှားပြူးကြောင်သည့် မျက်လုံးကြီးများဖြင့် ကြည့်ကာ ဝသန့် လက်ကို အတင်းဆွဲကိုင်ကာထားနေသည်။

ရေခဲတမျှ အေးစက်နေသော လက်ကြီး၏ အတွေ့အထိကြောင့် ဝသန်ကြောင့်လန့်တကြား ရုန်းကန်နေလေသည်။

" အား. . . "

" လွှတ်. . . "

" လွှတ်. . . "

" ကျ. . . ကျွန်မလက်ကိုလွှတ် "

ရှုတ်ရက် ထိတ်လန့်ခြောက်ခြားစွာ အော်ဟစ်ရင်းနိုးလာတော့ ဝသန်တစ်ကိုယ်လုံး တုန်ရီမောဟိုက်နေကာ ချွေးတို့ဖြင့် ရွှဲနစ်နေတော့သည်။

" ဘုရား. . . ဘုရား အိပ်မက်ထဲက ကြောက်မက်ဖွယ် မျက်နှာကြီးက ကိုမင်းခန့်ကျော်၏မျက်နှာကြီး ဖြစ်နေပါ ရောလား. . . "

" ငါများ အိပ်မက်ကို အစွဲအလန်းကြီးနေလို့များလား. . . " ဟူသော စိုးရွံ့ကြောက်လန့်စိတ်များက ဝသန်နှလုံးသားတွင် တောင်ပြီး အမြစ်တစ်ခုနှယ် ကပ်တွယ်လာခဲ့ရလေတော့ပြီ. . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နှစ်ဘက်မိဘ၏ ပြည့်စုံမှုကြောင့် မင်္ဂလာပွဲက အထူးပင် စည်ကား ခမ်းနားလှသည်။ အပြုံးတို့ဖြင့် ဖြာဝေနေသည့် ကိုမင်းခန့်ကျော်က ဝသန် အနီးသို့ ကပ်ကာ တိုးတိုးလေး မေးလာသည်။

" ဝသန့် ရှက်နေလား. . . "

" အို. . . ကိုမင်းခန့်ကျော်ကလည်း ဘာတွေလျှောက်မေး နေတာ လဲ. . . "

ဝသန် သူပြောမှ ရှက်ကိုးရှက်ကန်းဖြစ်သွားရတော့သည်။ ဝသန့်ပုံလေးကို ကြည့်ပြီး ကိုမင်းခန့်ကျော် သဘောကျသွားဟန် ရှိ၏။

တီးတိုးရယ်ရှင်းမှ. . .

" ဟင်း. . . "

" ဟင်း. .

" ဒီ အငတ်အစားကြီးတွေနဲ့ နေရ. . . ရတာ. . . တစ်မျိုးပဲ နော်. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဒါပေမယ့် ဒါဟာ နောက်ဆုံးပါလေ. . ."

" ရှင် "

" ဩော်. . . မင်္ဂလာပွဲပြီးရင် ဒါကြီးတွေကို ဝတ်စရာ မလိုတော့ဘူးလေ. . . ပြီးတော့ ကိုယ်တို့ရဲ့လူပျို အပျို ဘဝကလည်း. . . ဒါ နောက်ဆုံးပဲ မဟုတ်လား ဝသန်ရဲ့"

" ဟင်း. . ."

" ဟင်း. . ."

သူက ဘယ်လိုစိတ်ကူးမျိုးနဲ့ အတွေးပေါက်ပြီးပြောလိုက်သည်တော့ မသိ။ ဝသန့်စိတ်ထဲတွင်မူ ကိုမင်းခန့်ကျော်ပြောလိုက်သည့် 'နောက်ဆုံး' ဆိုသော စကားကို တစ်မျိုးကြီးခံစားလိုက်ရသည်။

ချိုးနှိမ်ထားသည့် အစွဲအလန်းနှင့် စိုးရွံ့နေသည့် စိတ်က ခေါင်းပြန်ထောင်လာလျှက် ညည့်ခံနေရသည်တွင်ပင် စိတ်မပါတော့။ မင်္ဂလာပွဲပြီးသည်အထိ ဝသန့်စိတ်တစ်ခုလုံး လေးလံနေတော့သည်။

အားလုံး ပြီးစီးကြတော့ ခန်းမရှေ့တွင် သူမတို့ မင်္ဂလာဦးအတွက် နှစ်ဘက်မိဘလက်ဖွဲ့ထားသည့် အဖြူရောင်ဆလွန်းကားတစ်လေးက အဆင်သင့်. . .

လက်ဖွဲ့ပစ္စည်းများကို ကားအတွင်းထည့်ကာ ကိုမင်းခန့်ကျော်ကလည်း သူမကို အဆင်သင့်စောင့်နေသည်။

" လူကြီးတွေနောက်မှ လိုက်လာကြလိမ့်မယ် ဝသန်ရဲ့"

" ကိုယ်တို့ အိမ်ပြန်နှင့်ကြမယ်"

လေးလံနေသော စိတ်နှင့်ငြီးစီစီကြီးဖြစ်နေတာကြောင့် ကိုမင်းခန့်ကျော်ဖွင့်ပေးသည့် ကားတံခါးပေါက်မှ အတွင်းသို့ အလွန်အမြန် ဝင်ထိုင်လိုက်မိတော့သည်။

ဝသန် တက်ထိုင်အပြီး ကိုမင်းခန့်ကျော်ကလည်း ကား



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ခန်းမရှေ့မှ မောင်းထွက်လာခဲ့သည်။

ဝသာန် ကားထဲတွင် မှိန်းကာလိုက်ပါလာတော့. . .

" ဝသာန် ပင်ပမ်းသွားပြီနဲ့တူတယ်. . ."

" အေးလေ "

" လူတွေကြားထဲမှာ တစ်မနက်လုံး ညှော်ခံနေရတော့ ငြီးစီစီကြီးဖြစ်နေမှာပေါ့. . . ကိုယ်လည်း အိမ်ရောက်မှ ရေတဝကြီး ချိုးပစ်လိုက်ဦးမယ်. . ."

ဟု ကိုမင်းခန့်ကျော်က ကားမောင်းရင်းမှ ပြောသည်။

ဝသာန် သူ့ကို ခပ်ယဲ့ယဲ့တစ်ချက် ပြုံးပြပြီးပဲ မှိန်းကာဆက်လက် လိုက်ပါလာခဲ့သည်။

ထိုစဉ်မှာပင်. . .

မင်းခန့်ကျော် ကားရှေ့မှ ရုတ်တရက်ပေါ်လာသည့် လူတစ်ယောက်ကို မြင်တွေ့လိုက်ရတော့သည်။

" ဟာ. . . ဟေ့လူ. . ."

" ဟာ. . ."

" ကျွိ. . ."

" ကျွိ. . ."

ရုတ်တစ်ရက် အော်ဟစ်သံ ကားဘရိတ်အုပ်သံတို့ကြောင့် ဝသာန် အထိတ်တလန့်ဖြစ်သွားဆဲ သူမတို့စီးလာသည့် ကားလေးက တံတား လက်ရန်း အုတ်တိုင်ငုတ်များကို တိုက်ချိုးဖျက်ကာ တစ်ဘက် ချောင်းရေပြင်ထဲသို့ ထိုးစိုက်၍ ကျသွားလေတော့ပြီ. . .။

" အ. . ."

" အား. . ."

တဒင်္ဂအတွင်းပင် ကားတစ်စီးလုံးက ချောင်းရေစီအောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ နစ်ဝင်သွားလေ၏။

သူမ၏ စေ့ဆော်ရုန်းကန်စိတ်က တစ်ကိုယ်လုံးကို လှုပ်နှိုးဆိုက်တော့သည်။ ကားထဲမှ တိုးထွက်ရန်ကြိုးစားလိုက်၏။ ထိုအခိုက်တွင်ပင် ရေခဲတမျှ အေးစက်စက်နိုင်လှသော လက်ကြီးတစ်ဘက်က သူမ၏ လက်တစ်ဘက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လာတော့သည်။ ဒေသန် ရုန်းကန်ရင်း လက်ပိုင်ရှင်ကို ကြည့်လိုက်တော့. . .

. . . ကိုမင်းခန့်ကျော်၏ မျက်နှာကြီး . . .

မျက်နှာတစ်ပြင်လုံး သွေးတို့ဖြင့် ချင်းချင်းနီလျှက် ပြူးကြောင်ငိုင်းစက်သောမျက်လုံးကြီးများဖြင့် ကြောင်ကြောင်ကြီး ကြည့်နေလေသည်။

သူမ. . . ထိန်လန့်တကြား ရုန်းကန်ရင်း သူ့လက်မှ လွတ်အောင် တွန်းထိုး ရုန်းထွက်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဝသာန်ရရှိသော ဒဏ်ရာများကြောင့် ဆေးရုံပေါ်တွင် တစ်ပတ်ခန့် ကုသမှု ခံယူလိုက်ရသည်။

သူမ ဆေးရုံကဆင်းတော့ ကံဆိုးသူကိုမင်းခန့်ကျော်၏ ရှာပနက ရက်ပင်လည်ခဲ့လေပြီ။

အဖြစ်အပျက်များက မယုံကြည်နိုင်စရာ။ ကားရှေ့တွင် ရုတ်တရက်ကြီးပေါ်လာသည့် လူကို စုံစမ်းစစ်ဆေးကြည့်ခဲ့ကြတော့ လည်း. . .

" လွန်ခဲ့တဲ့ (၆)လလောက်က အဲ့ဒီတံတားထိပ်မှာ စိတ်မနှံ့တဲ့လူတစ်ယောက် ကားတိုက်ခံရပြီး. . . မရှူ့မလှနဲ့ ချောင်းထဲ ပြုတ်ကျလို့ သေခဲ့ရပါတယ်. . . အန်ကယ်. . . "

အမှုလိုက် ဒုရဲအုပ်ကလေး ပြောလာသည့်စကားကြောင့် ဖေဖေ ဦးကျောဇောဟန် မျက်မှောင်ကုတ်သွားသည်။

" အဲဒီကိစ္စနဲ့. . . အခု သမီးတို့ကိစ္စက ဘာများ သက်ဆိုင် နေလို့လဲ. . . မောင်ရင် "

" ဘယ်လို သက်ဆိုင်နေသလဲဆိုတာတော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်ပေမယ့်. . . အဲဒီနောက်ပိုင်း. . . ဒီတံတား ထိပ်မှာ အခု အန်ကယ့်သမီးတို့ ကြုံခဲ့ရသလိုမျိုး ကားတွေ တော်တော်များများ ကြုံခဲ့ရတယ်. . ."

" အခုဆိုရင်. . ."

" ဒီ (၆)လအတွင်းမှာ အခုဖြစ်ခဲ့တဲ့ အက်ဆီးဒင့် အပါ အဝင်. . . အက်ဆီးဒင့်(၄)ခု ရှိသွားပြီ. . ."

" ဖြစ်ပွားသမျှကလည်း. . . ဒီလိုပဲ ရုတ်တရက်ကားရှေ့မှာ လူတစ်ယောက် ဘွားခနဲ ပေါ်လာတယ်လို့ပဲ ထွက်ဆိုခဲ့ကြ တယ်. . ."

" အခု ကိုမင်းခန့်ကျော် မဆုံးမီကလည်း ဒီလိုပဲ ထွက်ဆို သွားခဲ့တာပဲလေ. . ."

" ဒါ. . . ဒါဖြင့် မောင်ရင်တို့ ဆိုလိုတာက. . ."

" ကျွန်တော်တို့ ဆိုလိုတာ မဟုတ်ပါဘူး. . ."

" လူတွေကတော့ သေသွားတဲ့ အရှုံးရဲ့ ဝိဉာဉ်ဟာ တံတား ထိပ်မှာ မကျွတ်မလွတ်ဘဲ ကားတွေကို နှောက်ယှက်ဒုက္ခ ပေးနေတယ်လို့ ပြောနေကြတာပဲ. . ."

" ဘာပဲဖြစ်ဖြစ် ဒီလို ကိစ္စမျိုးတွေက အပြောရတော့ ခက်ပါ တယ် အန်ကယ်. . ."

" တစ်ခု ပြောစရာရှိတာကတော့ အရင်ဖြစ်ခဲ့ကြတဲ့ အက် ဆီးဒင့်(၃)ခုမှာ အပြင်းအထန်ဒဏ်ရာရတာလောက်သာ ရှိခဲ့ကြပေမယ့် အခု အန်ကယ်သမီးတို့ အလှည့်မှာမှ ကိုမင်းခန့်ကျော် သေဆုံးရတာတော့. . . ကံဆိုးတယ်လို့ ပြောရမလိုပါပဲ. . ."

" ကဲ. . . ကျွန်တော်တို့ကို ခွင့်ပြုပါဦး အန်အယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး ထွက်သွားကြသည့် ဒုရဲအုပ်ကလေးနှင့် အဖွဲ့ကို ကြည့်ရင်းမှ ဘယ်သူမှ စကားမပြောနိုင်ကြတော့. . .။

ဝသန်အဖို့ကတော့ အဲဒီအချိန်ကစပြီး နှလုံးသည်းခြေ ပျက်မတတ် ကြောက်မက်ဖွယ် အိပ်မက်ဆိုးကြီးနှင့် အံ့သြလောက်ဖွယ် တိုက်ဆိုင်နေသည့် လက်တွေ့အဖြစ်အပျက်ကြီးကြောင့် အိပ်ဆေးမသောက်ဘဲ ညတိုင်းနှစ်ခြိုက်စွာ အိပ်စက်၍မရနိုင်ခဲ့တော့. . .

မျက်လုံးထဲတွင် သေအံ့မူးမူး ကိုမင်းခန့်ကျော်၏ မျက်လုံးပြူးပြူး ကြီးများက မထွက်ကြတော့. . . တစ်ကိုယ်တည်းပင် ဝသန် မနေရဲတော့ ဖေဖေ မေမေတို့ အိပ်ခန်းသို့ နေပြောင်းရွှေ့အိပ်ခဲ့ရတော့သည်။

" ဘာမှ ကြောက်စရာမရှိတော့ပါဘူး သမီးလေးရယ်. . ."

" မေမေ တို့ရှိနေတဲ့ ဟာပဲ. . ."

" ဟင့်အင်း. . ."

" ဟင့်အင်း. . ."

" သမီး. . . ကြောက်. . . ကြောက်တယ် မေမေ"

ဖေဖေက ဝသန်အဖြစ်ကိုကြည့်၍ ရင်မောစွာ သက်ပြင်းချ၏။

" မင်း သမီး ကြာရင် ဒီစိတ်နဲ့ ဒုက္ခရောက်နိုင်တယ်. . ."

" ခင်. . ."

" နားလည်တဲ့ ဆရာဝန်နဲ့ ပြသပြီး. . . အကူအညီ အကြံဉာဏ်တောင်းကြည့်ရင် ကောင်းမယ်. . ."

" အို. . ."

" ရှင်က ကျုပ်သမီးကို စိတ်ဝေဒနာဖြစ်နေတယ်လို့ ဆိုချင်တာလား. . ."



www.burmeseclassic.com

www.burmeseclassic.com



" ဆိုချင်တာမဟုတ်ဘူးကွ. . . လူတွေမှာ ခန္ဓာကိုယ်တွေမှာ ရောဂါဖြစ်တတ်သလို. . . စိတ်မှာလည်း ရောဂါဆိုတာ ရှိတာပဲကွ. . ."

" စိတ်ရောဂါဆိုတိုင်း သွက်သွက်ခါအောင် ရှုးနေတဲ့ အရူးကိုမှ ပြောတယ်မထင်လိုက်နဲ့. . . အခု သမီးလေး စိတ်ထဲမှာ စွဲနေတဲ့ အနိဋ္ဌာရုံကြီးကို ပျောက်အောင် အချိန်မီ ဖယ်ရှားမပစ်နိုင်ရင် ဒုက္ခရောက်တော့မယ်. . ."

ဖေဖေ၏ အချက်ကျကျစကားကြောင့် မေမေနှုတ်ဆိတ်သွားတော့သည်။

သို့ဖြင့် ဆုံးသွားသည့် ကိုမင်းခန့်ကျော်၏ အဖေ ဒေါက်တာဦးခင်မောင်ကျော်က ဝသန်တို့အတွက် အကူအညီပေးခဲ့လေသည်။ သူလည်းဆုံးခဲ့ရသည့် သားနှင့်ဝသန့်အတွက် အတော်ပင် စိတ်မကောင်း ဖြစ်ခိုက်နေဟန်ရှိ၏။

" အေးဗျာ. . ."

" ဆုံးသွားတဲ့လူအတွက်က ဘာမှပြန်မရနိုင် တော့ပေမယ့် ကျန်ခဲ့တဲ့ သမီးလေးအတွက်က အရေးကြီးတယ်. . ."

" စိတ်ချဗျာ. . ."

" ကျွန်တော်မိတ်ဆွေ စိတ်အထူးကုဆရာဝန် ဒေါက်တာကောင်းလှနဲ့ သမီးလေးကို သေသေချာချာ အပ်ပေးပါ့မယ်။ အခု ကျွန်တော် စမ်းသပ်ခဲ့တဲ့အတိုင်းဆိုရင်တော့ သမီးမှာ ခန္ဓာကိုယ်နဲ့ပတ်သက်တဲ့ ဘာရောဂါမှ မရှိပါဘူး. . ."

" ကျေးဇူးပါပဲ ဒေါက်တာရယ်. . ."

" ကျွန်မတို့လည်း သားမင်းခန့်ကျော်အတွက် စိတ်မကောင်းပါဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



" ဘာတတ်နိုင်မလဲ မခင်မမရယ်။ သဗ္ဗေသတ္တာ ကမ္မသကာ လို့ပဲ အောက်မေ့ပြီး တရားနဲ့ပဲဖြေရတော့တာပေါ့. . . "

" ရီကတော့ သူ့သားဆုံးပြီးကတည်းက စစ်ကိုင်းတောင်မှာ တရားအားထုတ်နေတာ ခုထိပြန်မလာသေးဘူး. . . ဗျာ. . . "

ဒေါက်တာ ဦးခင်မောင်ကျော်တို့အိမ်က စိတ်မကောင်းစွာ ပြန်ခဲ့ကြပြီး နောက်တစ်ရက်ရောက်တော့ ဒေါက်တာ ဦးခင်မောင်ကျော် က သူကိုယ်တိုင်ပင် သူ့မိတ်ဆွေ စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာကောင်းလှ ဆိုသူထံသို့ ဝသန်တို့ကို ခေါ်သွားပေးခဲ့သည်။

ဒေါက်တာကောင်းလှက ဝသန့်ကို သေချာစွာပင်စမ်းသပ် စစ်ဆေးပေးလျှက်. . .

" အေးဗျာ. . . ကျွန်တော်ကလည်း ဒီလထဲမှာပဲ နိုင်ငံခြားကို သွားရမှာဆိုတော့. . . ဒီသမီးလေးကို စိတ်ချရတဲ့ကျွန်တော့် တပည့်တစ်ယောက်နဲ့အပ်ပေးခဲ့ပါမယ်. . . "

" သူက ဆရာထက်လက်ဝါးစောင်းထက်ဆိုသလို စိတ်ရောဂါ ဘက်မှာ အတော့်ကိုအလေးထားတော့ ကျွန်တော့် ထက် တောင် သာဦးမယ် "

တကယ့် ပညာရှင်တို့၏ နှိမ့်ချတတ်သော သဘောကို ဝသန် လက်ခနဲ တွေ့မြင်ခွင့်ရလိုက်သည်။ ဖေဖေနဲ့ မေမေက တော့. . .

" ကျေးဇူးပါပဲ ဆရာ. . . "

" ဆရာကောင်းသလိုသာ စီစဉ်ပေးခဲ့ပါ "

ဟူသော စကားဖြင့်သာ ဒေါက်တာကောင်းလှကို အားကိုးယုံကြည် စွာ အပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင်. . .

ဤအဖြစ်အပျက် ဤအကြောင်းအရာက ပင်လျှင် 'ဝသုန်' နှင့် 'နေထက်ဇော်' တို့စတင်ဆုံဆည်းခွင့်ရခဲ့ခြင်း ၏ နိဒါန်းအစဟု ဆိုရမည်ဖြစ်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒေါက်တာ နေထက်ဇော်. . .

သန့်ပြန့်ချောမောလွန်းသော ရုပ်ရည်နှင့် လိုက်ဖက်ညီစွာပင် ချိုသာနွေးထွေးသော အပြုံးကို အမြဲလိုလို ပိုင်ဆိုင်ထားသည့် လူငယ် ဆရာဝန်တစ်ယောက်. . .

ပြီးတော့. . .

ဆေးဝါး အတတ်ပညာကို အသက်မွေးဝမ်းကျောင်း လုပ်ငန်း တစ်ခုဟု သဘောမထားဘဲ လူနာဟူလျှင် ဆင်းရဲ ချမ်းသာမရွေး ကုသပေးသူ. . .

တစ်ခါတစ်ရံ အတော်ပင် ဆင်းရဲနွမ်းပါးသည့် လူနာမျိုးများ ဆိုလျှင် သူကပင်ပြန်၍ ဆေးဖိုးဝါးခငွေကြေးအပြင် ဓါတ်စာအဟာရ အတွက် ငွေကြေးများကိုပါ ရက်ရက်ရောရောပြန်ပေးတတ် သည့် ဒီခေတ်ကြီးထဲတွင် မရှိသလောက်ရှားပါးလွန်းသော တကယ့်စေတနာ ဆရာဝန်တစ်ယောက်ပါပေ။

တကယ်တော့လည်း ဒေါက်တာနေထက်ဇော်၏မိဘများက လည်း အတော့်ကိုချမ်းသာကြပါသည်။ ဒီမြို့ကလေးတွင် ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



နေထက်ဇော်၏မိဘများပိုင်ဆိုင်ကြသည့် ရတနာစတိုးဆိုင်စိန်တိုက်ကြီးများက လက်ညှိုးထိုး၍မလွဲ. . .

ဒါကြောင့်လည်း မိဘချမ်းသာသမျှ တစ်ဦးတည်းသောသားဖြစ်သည့် ဒေါက်တာနေထက်ဇော်သည် သူဝါသနာပါရာ ဆရာဝန်အလုပ်ကို ကိုယ်ပိုင်ဓါတ်ခွဲခန်းကြီးတစ်ခုပါ ထူထောင်ပြီးဆေးဝါးဗေဒဆိုင်ရာ သုသေသနအလုပ်များကိုပါ စိတ်ရှိတိုင်းလုပ်ကိုင်ခွင့်ရခဲ့လေသည်။

ဒေါက်တာနေထက်ဇော်၏ ထူးခြားချက်တစ်ခုကားချမ်းသာသလောက် သူ၏ဘဝကို သူဝါသနာပါရာ ဆေးပညာများတွင်သာမြှုပ်နှံထားပြီး ကိုယ်ရေးကိုယ်တာအမှုကိစ္စဟူ၍ မရှိသလောက်ရှားပါးလှသူ၊ ပြင်ပဝန်းကျင်နှင့် သီးခြားဆန်စွာ နေထိုင်တတ်ခြင်းပင်ဖြစ်ပေ၏။

မြို့တစ်မြို့ထဲတွင် အတူနေထိုင်ပြီး ဒေါက်တာကောင်းလှဆက်သွယ်ပေးခဲ့မှ ဒေါက်တာနေထက်ဇော်နှင့်ဝဿန်တို့ မိသားစုရင်းနှီးခဲ့ကြရလေသည်။

ရင်းနှီးပြီး ဒေါက်တာနေထက်ဇော်၏ ထူးခြားသည့် ကိုယ်ရည်ကိုယ်သွေးများကို သိရပြန်တော့ ဝဿန် သူ့အပေါ်တွင် စတင်စိတ်ဝင် စားခဲ့ရလေသည်။ တိုက်ဆိုင်သည်ဟု ဆိုရမည်လားတော့သိ၊ ဒေါက်တာနေထက်ဇော်မှာလည်း ဝဿန်နှင့် တွေ့မှ အခြားသူနာများ ထက်ပိုမိုသိသာစွာ ဂရုစိုက်မိနေသည်။

တစ်နေ့တစ်ခေါက်လောက်မှ ဝဿန်မလာရလျှင်ဒေါက်တာနေထက်ဇော် မနေတတ်. . .

ဝဿန်ကလည်း နေ့စဉ် ဒေါက်တာနေထက်ဇော်ကို တွေ့ချင်တတ်သည့် အကျင့်တစ်ခု အလိုလိုတိုးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် လေးစားယုံကြည်ခြင်းတို့ဖြင့် ရင်းနှီးမှု ရလာကြသောအခါ နားလည်တွယ်တာမှုတို့အဆုံး၌ ဝသန်မှာ ကိုမင်းခန့်ကျော် အပေါ်၌ပင်မလှုပ်ရှားခဲ့ဖူးသော ရင်ခုန်လှုပ်ရှားမှု များဖြင့် ဒေါက်တာ နေထက်ဇော်အပေါ်တွင် ရင်ခုန်မိလာသည်။

ရင်ခုန်ရင်အချစ်ပဲလို့ဆိုရင် ဒါဟာ. . . တစ်ခါဖူးမှနားမလည် စိတ်မဝင်စားခဲ့မိသော " အချစ် " ဆိုတာပဲပေါ့နော်. .

ဒီလိုပါပဲ. . .

နေထက်ဇော်အဖို့မှာလည်း တစ်ခါမှ မကြုံဖူးခဲ့ မိသော လှိုက်မောရင်ခုန်မှုတို့ဖြင့် ဝသန်မိုးဆိုသည့် မိန်းမချောလေး အပေါ် ချစ်လိုက်မိပြီဟု သိရှိလိုက်သည့်အခါ. . . ဝသန်မိုး ဆိုသည့် သူမအတွက် မမျှော်လင့်ပါဘဲနှင့် အချစ်ပန်းခိုင်တစ်ခုကို ဝေဆာပွင့် လန်းစွာ ဖူးပွင့်လာခဲ့ရပြန်ပါတော့သည်။

ထို့ဖြင့် (၆)လဆိုသော အတိုင်းအတာ တစ်ခုအတွင်းမှာပင် ဝသန်အတွက် ဒုတိယမြောက်မင်္ဂလာပွဲလေးတစ်ခုကို ဆင်နွှဲခွင့်ရခဲ့ ပြန်ပါတော့၏။

ဒီတစ်ကြိမ်တွင်မှာတော့. . . ကြီးကြီးကျယ်ကျယ် မင်္ဂလာပွဲ လုပ်ဖို့ ဝသန်ရော ဖေဖေမေမေတို့ပါ စိတ်မကူးရဲကြတော့။

ထို့ကြောင့် ရင်းနှီးရာရင်းနှီးကြောင်း မိတ်ဆွေအချို့ကိုသာ ဟိုတယ်တစ်ခုတွင် ဖိတ်ကြားကျွေးမွေးဧည့်ခံပြီး အကျဉ်းရုံးကာ မင်္ဂလာပွဲကို သီးသီးခြားခြားလေး ပြုလုပ်ခဲ့လိုက်ကြသည်။

လက်ထပ်ပြီး နောက်တစ်ရက်မှာတော့ ဝသန်ချစ်သူခေါ်ရာ သီးခြားကမ္ဘာလေးတစ်ခုဆီသို့ အံ့ဩစွာလိုက်ခဲ့ရလေတော့သည်။

ဟမ္ဘာမြေပြင်ပေါ်၌ ဤကဲ့သို့နေရာမျိုးလေးတစ်ခုရှိနေခဲ့ လိမ့်မယ်လို့တောင် ဝသန်စိတ်ကူးမကြည့်မိခဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



အေးမြတိတ်ဆိတ်ကာ ကျယ်ဝန်းလှသော ခြံကြီးနှင့်ခေတ်မှီ ဒီဇိုင်းပလွန်းစွာ တည်ဆောက်ထားသည့် နှစ်ထပ်တိုက်ကလေးတစ်လုံး ခြံဝန်းအနှံ့ မြက်ခင်းစိမ်းစိမ်းလေးများက ကတ္တီပါခင်းတစ်ခု နယ်ဖြန့်ခင်းထားလျှက် များပြားလှစွာသော ပန်းရုံ ပန်းခင်းများက လည်း မျက်စီပဒါသကျလှသည်။

" ဘယ်လိုလဲ ဝဿန်, . . ကိုယ်ရဲ့အိမ်လေးကို သဘောကျ ရဲ့လား. . . "

" ဟင်း. . . "

" ဟင်း. . . "

ဝဿန် နေထက်ဇော်၏အမေးကို အဖြေမပေးမိသေးဘဲ ဆိတ်တာတာ ဌက်ကျေးသံတွေနဲ့သာယာလှပလျှက်ရှိသော အိမ်က လေးကိုသာ သဘောကျစွာငေးကြည့်နေမိသည်။

ပြီးမှ. . .

" လှလိုက်တဲ့ အိမ်ကလေး. . . မောင်ရယ်. . . မောင့်မှာ ဒီလိုစိတ်ကူးမျိုးရှိလိမ့်မယ်တောင် ဝဿန်မထင်ခဲ့မိဘူး "

" ဟား. . . ဟား. . . "

" ဘာလဲ ဝဿန်က. . . မောင့်ကိုဆေးခန်းနဲ့ လူနာတွေ ကိုသာ စိတ်ဝင်စားတတ်တဲ့ ဆရာဝန်အိုကလေးလို့ ထင်လို့ လား. . . "

" ဒီအတိုင်းပဲ မဟုတ်ဘူးလား. . . "

ဝဿန် ချစ်သူကိုအမြင်ကတ်ကတ်နဲ့ရွဲ့ပြီးပြောလိုက်တော့၊ နေထက်ဇော်က မျက်နှာကိုတမင်ရှုံ့မဲ့ပြသည်။ ပြီးမှ ဒီအိမ်က လေးကို သူ့မိဘများက သူ့အိမ်ထောင်ပြုသည့်အခါ နေဖို့ပေးထား ကြောင်းကို ဝဿန့်အားရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဒါပေမယ့်. . . ဒီအိမ်တစ်လုံး ဒီခြံတစ်ခုလုံးက ကိုယ့်စိတ်ကူးနဲ့ စိတ်ကြိုက်ဆောက်ထားတာနော်. . . အထင်တော့ မသေးလိုက်နဲ့ဦး. . . "

" အမလေး မောင်ရယ်. . . မိန်းမသားတစ်ယောက်က သူ့ဘဝတစ်ခုလုံးကို ပုံအပ်ရမယ့်ယောကျ်ားကို ကိုယ်အထင်သေးရမယ့် လူမျိုးဘယ်ရှိမှာလဲ. . . "

" မောင့်မှာ. . . ဒီလိုထူးခြားတဲ့ စိတ်ကူးဉာဏ်အတွေးအခေါ်မျိုးတွေရှိပြီးသားဆိုတာ ဝဿန်ခန့်မှန်းပြီးသား. . . "

" ဟဲ ဟဲ. . ဒီလိုဆိုတော့လည်း မောင့်မိန်းမက မဆိုးပါလားကွ၊ ဟေး "

" ဘာ. . . မိန်းမလည်း ကြည့်စမ်း လုကိုပိုင်စိုးပိုင်နင်းနဲ့. . "

" ဟား. . ဟား. . လက်ထပ်ပြီးပြီပဲလေကွာ. . .

ကိုယ့်မိန်းမမို့ မိန်းမခေါ်တာ ငါရှက်စရာလား. . .

" သွားပါ နားရှက်တယ်. . မခေါ်နဲ့. . . "

အချစ်ရနံ့တို့ဖြင့်သင်းထုံလျှက် ရင်ခုန်လှိုက်မောဖွယ်ပီတိတို့က ရင်နှင့်အပြည့်. . . "

" တကယ်ပါပဲ မောင်ရယ် ဝဿန်အိပ်မက်များ မက်နေသလားတောင်ထင်မိတယ် တကယ်. . . "

" ဟော့. . . ဟော့ မောင်မပါတဲ့အိပ်မက်ဆိုရင် မမက်ရဘူးကွနော်. . . အခုကတည်းက ကြိုပြောထားမယ် "

" ဟင်း. . . ဟင်း. . . မောင်ကသဝန်တိုတယ်ပေါ့ "

" အချစ်စိတ်ထဲမှာ သဝန်တိုခြင်းဆိုတဲ့ခါတ်ပစ္စည်းဟာ စိမ့်ဝင်ပြန့်နှံ့နေတာပဲ ဝဿန်ရယ်. . . တကယ်ချစ်ရင် သဝန်တိုတတ်ကြတာချည်းပဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



“ ထားပါတော့. . . ဒါပေမယ့် မောင်ဟာဝသန်အတွက် ပထမဦးဆုံးလူ မဖြစ်ခဲ့ရတာကိုတော့ နောင်တစ်ချိန်မှာ. . ”

မောင်က သူမ၏နှုတ်ခမ်းလေးကို သူ့လက်နှစ်ချောင်းဖြင့် ဆုပ်ထားလိုက်သည်။

“ မပြောနဲ့တော့ ဝသန်ရယ်. . . ဘာလို့ဒီကိစ္စကိုခေါင်းထဲ ထည့်ထားရပြန်တာလဲ၊ ဒါကြီးကို ဝသန်ခေါင်းထဲကနေ အပြီးအပိုင်မေ့ဖျောက်ပစ်ရမယ်လေ၊ မောင်ပြောထားတာ မေ့နေပြီလား. . . ”

“ မမေ့ပါဘူး မောင်. . . ”

ဒါပေမယ့် အတိတ်ဆိုတာမျိုးဟာ ဖျောက်ဖျက်ပစ်လို့ ကောင်းတဲ့ အရာမျိုးမှ မဟုတ်ဘဲ၊ အမှန်အတိုင်းဝန်ခံရလျှင် ကြောက်မက်ဖွယ် အတိတ်ဆိုးကြီးကို သူမဖျောက်ဖျက်၍ မရနိုင်သေး

တစ်ခါတစ်ခါ ကိုမင်းခန့်ကျော်၏ သွေးသံရဲရဲမျက်လုံးပြူးပြူး မျက်နှာကြီးက အာရုံထဲတွင်ဝင်လာတတ်နေသေးသည်။

အမြဲတမ်း မောင်ညွှန်ကြားထားသည့်အတိုင်း အလုပ်တစ်ခု ကိုအာရုံလွှဲပြောင်းလုပ်ကိုင်နေသည့်အချိန်မျိုးများတွင်သာ ဝသန့် အတွက် သက်သာရာရစေခဲ့၏။

“ ကဲ. . . ဝသန်ခေါင်းထဲက အားလုံးထုတ်ပစ်လိုက်တော့ ဟုတ်ပြီလား၊လာ . . . နောက်ထပ် ဝသန့်ကိုအံ့ဩစရာ တစ်ခုပြဦးမယ်. . . ”

ရုတ်တရက် မောင့်အသံကြောင့် ဝသန်အတွေးတို့လွင့်ပျယ် သွားပြီး သူဆွဲခေါ်ရာနောက်သို့ ပါသွားရပြန်သည်။

မောင်က သူမကိုအိမ်နောက်ဖေးဘက်ဆီသို့ ခေါ်သွားခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြင်လိုက်ရသော အရာတစ်ခုကြောင့် တကာယ်ပင် ဝသာန်အံ့ဩသွားရပြန်တော့သည်။

" ဟယ်. . . ရေကန်ကြီးလှလိုက်တာမောင်ရယ်. . . "

သပ်ရပ်သောအုတ်တောင် ဆေးရောင်စုံတံတားလေးတစ်ခုဖြင့် ကန်ဘောင်တစ်လျှောက် ပန်းရုံပုလေးများဖြင့် တန်ဆာဆင်ထားသည့် စိမ်းစိုကြည်လဲ့နေသည့် ရေကန်ကြီးက ဝသာန်စိတ်အခြေကို လန်းဆန်းဖြာဝေ၍ သွားစေသည်။

သို့သော် ထိုခဏတွင်ပင်. . .

" ဝုတ်. . . ဝုတ်. . . "

ရုတ်တရက် ဘယ်ဆီကထွက်ပေါ်လာမှန်းမသိသော ခွေးတစ်ကောင်ကြောင့် ဝသာန်လိပ်ပြာလွင့်မတတ်လန့်ဖျန့်၍ သွားရလေသည်။

" အမလေး. . . "

" လုပ်. . လုပ်ပါဦး မောင်. . ခွေး. . ခွေး. . "

အဖြူရောင်အမွေးရှည် ထွားကျိုင်းလှသော ခွေးကြီးက ဝသာန့်ကိုရန်ပြုတော့မည့်ဟန်ဖြင့် ပြေးဝင်လာသည်။

သို့သော်. . .

" ဟာ. . . ဟော့ကောင် ရိန်းဂျား မင်းဘယ်ကထွက်လာတာလဲ. . . ဟိတ်ကောင်ရပ်စမ်း " ဟူသော မောင့်အသံကြောင့် ခွေးကြီးမှာ လူစကားကို နားလည်ဘိအလား တုန့်ခနဲရပ်တန့်၍ သွားသည်။ ပြီးမှ အမြီးကိုနန့်ကာ တအီအီအသံပြုနေ၏။ ဝသာန် ရိန်းဂျားဟူသော ခွေးဖြူကြီးကို အကြောက်မပြေသေး၍ မောင့်လက်မောင်းကို တင်းကျပ်စွာ ဖက်တွယ်ထားမိ၏။

" မကြောက်ပါနဲ့ ဝသာန်ရယ် ဒါ. . . မောင့်အချစ်တော်



www.burmeseclassic.com

www.burmeseclassic.com



ခွေးကြီးလေ နာမည်က ရိန်းဂျားတဲ့၊ ဒီကောင်ကြီးကိုပဲ အိမ်မှာအစောင့် ထားခဲ့ရတာ။ လူတစ်ယောက်ထက် စိတ်ချရတယ် ဝဿန်ရဲ့ " ဟု မောင်က ပြောရင်း ခွေးကြီးကိုလည်း. . .

" ဟော့ကောင် ရိန်းဂျား ဒါမင်းရဲ့သခင်မ ဖြစ်သွားပြီကွ၊ မှတ်ထား " ဟုဆိုလိုက်လေ၏။

ခွေးကြီးကလည်း သခင့်စကားကိုနား လည်ဟန်ဖြင့် ဝဿန်အနီးသို့ကပ်လာကာ ခြေဖမိုးဖြူဖြူလေးကို သွေ့နှာခေါင်း အေးစက်စက်ကြီးဖြင့် တို့ထိကာနမ်းလာသည်။

" ဟာ. . . လုပ်. . . လုပ်ပါဦး မောင့်ခွေးကြီးကို ဝဿန်ကြောက်. . . ကြောက်တယ်. . "

ဝဿန်မလှုပ်ရဲဘဲအော်တော့ မောင်ကရယ်မော၍. . .

" ဟား. . . ဟား မကြောက်ပါနဲ့ ဝဿန်ရဲ့ ဒီကောင်ကြီးက အရမ်းလိမ္မာတဲ့ကောင်ကြီး လာမောင်ပြောပြမယ် " ဟုဆိုကာ ဝဿန့် လက်ကလေးကို ဖျတ်ခနဲဆွဲ၍ မော့ကြည့်နေသည့် ခွေးကြီး၏ဦးခေါင်းကို ပွတ်သပ်စေလိုက်သည်။

" အို. . မလုပ်ပါနဲ့ ဝဿန်ကြောက်တယ် "

" ဝဿန့်ကို သူဘာမှမလုပ်တော့ပါဘူးကွ. . . "

ထိုစဉ် ရိန်းဂျားကြီးက ဝဿန်၏လက်ဖြူဖြူလေးကို လျှာကြီးဖြင့်လျက်ကာ ခင်မင်ကြောင်းအသိအမှတ်ပြုသည်။

" အမလေး. . . "

ဝဿန်ကတော့ ကြက်သီးမွေးညင်းများပင်ထ၍သွားရလေ၏။ မောင်က ဝဿန့်ကိုယ်လေးကို လက်တစ်ဘက်ဖြင့်ထွေးပွေ့ကာ သဘောကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟား. . ဟား. . . တွေ့လား ဝသာန်ကို သူတကယ်ခင်သွား ပြီ၊ ကြောက်စရာမလိုတော့ဘူး "

ဝသာန်ကတော့ မရယ်နိုင်သေးပါ၊ နောက်မှ အမှန်တကယ် ပင် ရိန်းဂျားကြီးက ကျိုးနွံဟန်ပြ၍ အမြီးနံ့လာမှ . ရဲရဲဝံ့ဝံ့ကလေး ပွတ်သပ်ပေးလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

ဝဿန်တို့အိမ်ကလေးဆီသို့ အပြီးအပိုင်ပြောင်းရွှေ့ခဲ့ကြတော့ ...ရှိမ်ရှာသော မေမေကအိမ်ရောက်ရောက်ချင်းပဲ ဖုန်းဆက်ကာမေး ...သည်။

" ဟုတ်ကဲ့ သမီးတို့အိမ်ရောက်နေကြပါပြီမေမေ. . . "

" အေး. . အေး. . . "

" အားလုံးချောချောမွေ့မွေ့ပဲ မဟုတ်လား သမီး. . . "

" အေး. . . အေး. . . "

" ကျန်းမာရေးကိုလည်းဂရုစိုက်ဦးနော် သမီး. . . "

" မောင်နေထက်ဇော်ရော ဘာလုပ်နေလဲ "

" သူ. . . ပစ္စည်းတွေကိုနေရာချနေတယ် မေမေရဲ့. . . မေမေရော ကျန်းမာရေးကိုဂရုစိုက်နော်. . . ပြောမယ့် သာပြောရတာပါ သမီးကတော့ သတိရတဲ့အချိန် ပြေးလာမှာပဲ "

ဟုတ်သည် တကယ်တမ်း တစ်သက်လုံးနေလာခဲ့သည့် ...နှင့်ခွဲရတော့ ဝဿန်စိတ်ထဲတွင် ဝမ်းနည်းသလိုကြီး ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေကတော့ ဖုန်းထဲကနေအမျိုးမျိုးဆုံးမမှာကြားနေပြီး ဖုန်းချသွားတော့၏။

မေမေဖုန်းအချပြီးမှ အနီးသို့မောင်ရောက်လာသည်။

" ဝသန် ရေချိုးရင်ချိုးထားလေ . . . "

" မောင်ကတော့ တစ်လက်စတည်း ပစ္စည်းလေးတွေ နေရာချ လိုက်ဦးမယ် "

ဝသန် မောင့်ကိုပြုံးပြပြီး . . .

" ဝသန်ရောဘာကူလုပ်ပေးရဦးမလဲ မောင်ရဲ့ "

လို့မေး လိုက်တော့ . . .

မောင်ကပြုံး၍ . . .

" မလုပ်ပါနဲ့ဗျာ . . "

" ဝသန်မလုပ်တတ်ပါဘူး ရေသာချိုး ထားနှင့် . . . ပြီးတာ နဲ့မောင်လည်း ရေချိုးပြီး . . . ထမင်းစားကြမယ် ဟုတ်လား" ဟုဆို၏။

ဒါနဲ့ပဲ ဝသန်အဝတ်အစားလဲ ကိုယ်ပေါ်တွင် မျက်နှာ သုတ် ပုဝါတစ်ထည်ကိုပတ်၍ ရေချိုးခန်းရှိရာသို့ လျှောက်လာခဲ့တော့ သည်။

ရေချိုးခန်းဆီရောက်၍ တံခါးလက်ကိုင်ကို ကိုင်လိုက်ချိန်မှာ တော့ . . .

" ဝုတ် . . . ဂ . . . ဂီး . . . "

" အမလေး . . . "

" မောင် . . . မောင်ရေ လာပါဦး "

ရေချိုးခန်းအဝ၌ ရိန်းဂျားကြီးက ရန်လိုမာန်ဖီ၍ ဝသန်ကို တစ်ခုခု ပြုလုပ်တော့မည်ကဲ့သို့ ရှိနေသည်။ မောင် အပြေးအလွှား



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး. . .

" ဟား. . . ဒီကောင်ကွာ. . . ဒီမှာဘာလုပ်နေတာလဲ. . . သွားစမ်း "

ဟုမာန်လိုက်မှ ရိန်းဂျားကြီးက အမြီးကုတ်ကာ တအီအီ အသံပြုပြီး ထွက်ခွာသွားတော့သည်။ ဝသာန်တုန်ရင်မှု မပြေသေးဘဲ. . .

" တော်. . . တော်သေးတာပေါ့မောင်ရယ်. . . "

" သူ. . . ဝသာန့်ကို တစ်ခုခုလုပ်တော့မလို့ " ဟုဆိုလိုက်တော့ မောင်ကမျက်မှောင်ကြီးကုတ်၍. . .

" ဒီကောင်အခုမှဘာဖြစ်သလဲမသိဘူး မစိုးရိမ်ပါနဲ့ ဝသာန်ရယ်. . . နောက်တော့ ဝသာန်ဒီမှာ အမြဲနေသွားမယ်ဆိုတာ သူသိ သွားမှာပါ"

ဟုချော့မော့နှစ်သိမ့်လိုက်၏။ မောင်ထွက်သွားပြီး ရေချိုးခန်းထဲဝင်လိုက်ပြန်တော့ ကြောက်စိတ်တစ်ခုက ရင်ထဲသို့စိမ့်ဝင် လာပြန်သည်။ ကိုယ်လုံးပေါ် မှန်ကြီးတွေနှင့်ကျယ်ဝန်းလှသော ရေချိုးခန်းကြီးကြောင့်လောဟု ဝသာန်တွေး၍. . . ' Bath Tub 'ထဲသို့ ရေနွေးနဲ့ရေအေး သင့်တင်ယုံမျှ ရောစပ်လိုက်သည်။

ပြီးတော့ ကိုယ်တွင်ပတ်ထားသည့် မျက်နှာသုတ်ပုဝါကို ' Towel Line ' ပေါ်တင်လိုက်ပြီး ' Bath Tub 'ထဲသို့ညင်သာစွာ လျှောဆင်းလျှက် ရေစိမ်လိုက်တော့သည်။ ခန္ဓာကိုယ်တစ်ခုလုံးလျှော့ဝါးလန်းဆန်းသွားသလို ခံစားလိုက်ရပြီး မျက်လုံးအစုံကိုလည်း မှေးစင်း ထားလိုက်၏။

ထိုစဉ်ပင်. . .

" ကလစ် " ဟူသော ရေချိုးခန်းတံခါး၏လက် ကိုင်ဘုမြည်းညင်းစွာလည်သွားသည့် အသံကို ဝသာန်မသရှင်းလင်းစွာ



www.burmeseclassic.com

www.burmeseclassic.com

ကြားလိုက်ရလေတော့သည်။

ဒိတ်ခနဲရင်ခုန်သံနှင့်အတူ ' Bath Tub 'ထဲမှ ဝသာန်ငေါက်ခနဲ ထလိုက်မိလေ၏။

" ဘယ်. . . ဘယ်သူလဲ. . . မောင်. . . မောင်လားဟင် "

ကြောက်လန့်စိတ်နဲ့အသံပြုကြည့်လိုက်ပေမယ့် အပြင်က တုန့်ပြန်သံကိုပြန်မကြားရ. . .

သူမ ' Bath Tub 'ထဲကလျှောထွက်လိုက်ပြီး 'Towel Line' ပေါ်က မျက်နှာသုတ်ပုဝါကို လှမ်းယူဆွဲရန်ပြင်လိုက်စဉ်. . .

" ဟင်. . . "

မျက်နှာသုတ်ပုဝါက တစ်စုံတစ်ယောက်လှမ်းကာ ဆွဲလိုက်သလိုမျိုးအောက်သို့ လျှောကျသွားပြန်သည်။

ဝသာန် မျက်နှာသုတ်ပုဝါကို အလျှင်အမြန်ကောက်ယူပြီး ခန္ဓာကိုယ်ကို ပတ်ခြုံလိုက်ကာ ထိတ်လန့်စိတ်ကြောင့် တစ်ကိုယ်လုံး တုန်ရင်လာသည်။

ထိုအခိုက်တွင်ပင်. . .

" . . . ဖျော. . . ဖရော. . . "

" အို. . အမေ့ "

ဘာမှမထိရ မကိုင်ရပါပဲနှင့် မျက်နှာကျက်က ရေပန်းမှ ရေများက သူ့အလိုလို ပွင့်ကျလာတော့သည်။ တဆက်တည်း ' Bath Tub ' ထဲက ရေများကလည်း တစ်စုံတစ်ယောက် မွှေနှောက်လိုက်သည့်နှယ် ဝဲဂယက်ပုံတစ်ဝေါဝေါ လှည့်ပတ်နေတော့၏။

" ဟင်. . . အား. . . "

ဝသာန် ထူးဆန်းလွန်းသော အဖြစ်အပျက်များကြောင့် ထိတ်လန့်စွာ ငယ်သံပါအောင်အော်ပြီး ရေချိုးခန်းအပြင်ဘက်ဆီသို့


www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်ရန်ကြိုးစားလိုက်သည်။

ထိုအခါ တံခါးလက်ကိုင်ဘုက တော်တော်နှင့်လှည့်ဖွင့်၍ မရပြန်။

" အား. . . "

" မောင်. . . "

" မောင်ရေ လာပါဦး "

သူမ၏ ထိတ်လန့်တကြား အော်ဟစ်သံများကြောင့် မောင် အပြေးအလွှားရောက်လာသည်။ ထိုအခါမှ တံခါးကလည်းလွယ်လွယ် နှင့်ပွင့်၍သွားလေ၏။

" ဝ. . . သန်. . . "

" ဘာ. . . ဖြစ်လို့လဲ. . . "

စိုးရိမ်တကြီးမျက်နှာဖြင့် မောင်ဝင်ရောက်လာသောအခါ၌မူ အစောပိုင်းက ဖြစ်ပျက်သမျှအားလုံး မယုံကြည်နိုင်ဖွယ် ရုပ်ဘန့်သွား ကြလေသည်။ မောင့်ရင်ခွင်အတွင်းသို့ ထိတ်လန့်တုန်ရင်စွာတိုးဝင် ရင်း ဝသန်မည်သို့ရှင်းပြရမှန်းပင် မသိတော့. . .

" ကြောက်. . . ကြောက်လိုက်တာ မောင်ရယ်. . . "

" ဘာ. . . ဘာဖြစ်လို့လဲ ဝသန်ရယ် မောင့်ကိုပြောပြစမ်း ပါဦး. . . ဝသန့်စိတ်တွေ အရမ်းကိုလှုပ်ရှား နေတယ် ဒီအထဲမှာ ဘာကြောက်စရာရှိလို့လဲ. . . "

" မ. . . မဟုတ်ပါဘူး. . . ဟို. . . ဟို. . . "

' ခွမ်း '

" အမလေး. . . "

ရုတ်တရက် သူမတို့ဘေးရှိ မှန်ပြူတင်းပေါက်က တစ်စုံ တစ်ခု ထိမှန်ခံလိုက်ရသကဲ့သို့ အစိတ်စိတ်အမွှာမွှာ ကွဲကြေ၍

www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

မောင်ပင် ကွဲကြေသွားသောမှန်ပြူတင်းပေါက်ကို အံ့အား တသင့်ကြီးငေးကြည့် နေလေ၏။

" အား. . . လုပ်. . . လုပ်ပါဦး မောင်. . . "

မောင်က သူမကိုတင်းကျပ်စွာထွေးပွေ့ရင်း. . .

" ကလေးတစ်ယောက်ယောက် လက်ကမြင်းလိုက်တာပဲဖြစ် မယ်. . . မကြောက်နဲ့နော်. . . လာ. . " ဟုဆိုကာ သူမအား ဖေးမတွဲခေါ်၍ အခန်းထဲသို့ခေါ်ဆောင်သွားသည်။

" ကဲ. . . ဝသန် မကြောက်တော့နဲ့. . မောင်အပြင်ထွက် ကြည့်လိုက်ဦးမယ်. . ခွေးကောင်လေးတွေ တွေ့ရင်တော့ လား ကွာ. . . "

သူမကို အခန်းထဲပို့ပေးပြီး မကျေမနပ် ကြိမ်းရင်း မောင် အပြင်ပြန်ထွက်သွား၏။

ထိုအချိန် သူမအနီးကုတင်ဘေး၌ ရှိန်းဂျားကြီးမှာ ခေါင်း တထောင်ထောင် နားရွက်တထောင်ထောင်ဖြင့် မျက်လုံးများ ကလည်း အငြိမ်မနေဘဲ ရန်သူအရိပ်အခြေကို စောင့်ကြည့်နေသည့် အမူအယာမျိုးဖြင့် ရှိနေခြင်းကြောင့် အနည်းငယ် စိတ်လုံခြုံသလို ရှိရသည်။

ခဏအကြာ၌မူ မောင်ပြန်ရောက်လာ၏။

" တောက်. . . မတွေ့လိုက်တော့ဘူး. . . တစ်ခြံကျော်က ကလေးတွေပဲဖြစ်မယ်. . . ဟိုတစ်ခါကလည်း လေးခွတွေနဲ့ ခြံထဲက ငှက်ကလေးတွေလိုက်ပစ်နေလို့ မောင်ဟောက်ခဲ့ ရသေးတယ် . . . သေချာပါတယ် . . . သူတို့လက်ချက် ပဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



မောင့်စကားများကြောင့် အနည်းငယ် ကြောက်စိတ်များပြေ ္လာသွားရသော်လည်း. . . တကယ်တမ်းတွေးကြည့်မူ. . . ပြူတင်း ါက်မှန်ကွဲသွားရသည့်ကိစ္စက မောင်ပြောသလိုပင် ဖြစ်နိုင်သည် း. . . ရေချိုးခန်းအတွင်းကအဖြစ်အပျက်များကရောဘာကြောင့် . .

မောင်များသူမကို ရုပ်တည်ကြီးနှင့် တမင်တကာ စနောက်ခဲ့ ည်များလား. . .

မသေမချာဇဝေဇဝါနဲ့ ပဟေဋ္ဌိဆန်လွန်းသည့် အဖြစ် အပျက် စ်ခုပါလားနော်. . . ဟုသာ ဝဿန်မှတ်ချက်ပြုရင်း သက်ပြင်းမော စ်ခုကိုသာ တိုးလျှစွာချလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း

မနက်စောစောအရုဏ်ဦးက အပျိုဖြန်းမလေးတစ်ယောက် လိုလှပလွန်းနေသည်။

မမေ့ကျေးဇူးကြောင့် ဝဿန့်အတွက် အိမ်ထောင်ရှင်မ တစ်ယောက်၏ဘဝမှာ ဘာမှမခဲယဉ်းလှ။

ဘုရားဆွမ်းတော်ကပ် ဆောက်တော်ရေချပြီး ဘုရားရှိခိုးပြီးပြီ။ မောင်အလုပ်မသွားမီ စားသောက်ဖို့နံနက်စာကိုလည်း ပြင်ဆင်ထား ပြီးပြီ။ မောင်နိုးလာလျှင် အဆင်သင့်စားယုံသာ. . .

မောင်က ဝဿန်ပင်ပန်းမည်စိုး၍ အိမ်ဖော်ခေါ်မည်ပြော ပေမယ့် ဝဿန်က မောင့်ဝေယျာဝစ္စတွေအတွက်ကို အိမ်ထောင်ရှင် မကောင်းတစ်ဦး ပီသချင်သည်။

ဟုတ်တယ်လေ. . .

လင်ယောကျ်ားတစ်ယောက်ရဲ့ ဝေယျာဝစ္စ ဒီအိမ်မှုကိစ္စ လေးတွေကိုမှ မလုပ်ချင် ရေးကြီးခွင်ကျယ်လုပ်ပြီး ဒီအတွက်အိမ် ဖော်ခေါ်ဘော်ကျော့နေတတ်တဲ့ ခပ်ပေါ့ပေါ့ မိန်းမမျိုးတွေထဲမှာ ဝဿန် အပါမခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးလူကြီးတွေဆိုခဲ့ကြတဲ့ စကားတစ်ခွန်းကလည်း အထင်အရှားရှိသား. . .

" လင်နေစ ချောင်သေမှ " တဲ့လေ ဒါကိုပဲအချို့နားမလည်တဲ့ လူတော်တော်များများက " လင်နေစ ကြောင်သေမှ " ဆိုပြီး ' ချောင် ' နဲ့ ' ကြောင် ' ကိုမှားပြီးသုံးနေကြတော့။ တကယ့်အဓိပ္ပါယ်အနှစ်စစ်ကသွားရော. . . တကယ်တမ်းက ' ချောင် ' ဆိုတဲ့ဝေါဟာရစကားလုံးလေးဟာ အိမ်တွင်းမှုအလုပ် မီးဖိုချောင်ကိစ္စတွေကိုရှေးလူကြီးတွေကရည်ညွှန်းခဲ့တာရယ်၊ ' ချောင်သေမှ ' ဆိုတာမီးဖိုချောင်ကိစ္စတွေကိုနိုင်မှ လို့ဆိုလိုတာ၊ ဟုတ်တယ်လေ အိမ်ထောင်တစ်ခုရဲ့စီးပွားရေးကြီးပွားရေးအဓိကဟာ မီးဖိုချောင်ပဲမဟုတ်လား။

ဒီတော့ ရှေးလူကြီးတွေစကားအတိုင်း လင်ယူပြီးစ မိန်းမတစ်ယောက်ဟာ မီးဖိုချောင်ကိစ္စတွေကို နိုင်နင်းကျွမ်းကျင်မှ. . . အိမ်ထောင်ရှင်မကောင်းတစ်ဦးဖြစ်မှာရယ်။ ဒီအိမ်ထောင်တစ်ခုဟာ စီးပွားရေးကြီးပွားရေးတွေ တိုးတက်ပြီး သာယာပျော်ရွှင်စရာကောင်းတဲ့ အိမ်ထောင်တစ်ခုဖြစ်လာမှာပေါ့။

ဘာပဲဖြစ်ဖြစ်. . .

ဝသန်ကတော့ မောင့်အတွက် မြန်မာမိန်း ကလေးတစ်ယောက် ပီသတဲ့ အိမ်ထောင်ရှင်မကောင်းတစ်ဦးဖြစ်ရ မယ်လို့ဆုံးဖြတ်ပြီးသား။

အခုဆို ရိန်းဂျားကြီးကလည်း သူမကို သခင်မတစ်ဦးအဖြစ်လေးစားသတ်မှတ်ပြီး အပါးတွင်အမြဲရှိနေတာတော့ ဝသန်ရဲ့စိတ်တွေ အနည်ထိုင်လာသည်။

ပြီးတော့ ဝသန်အနှစ်ခြိုက်ဆုံးက မနက်အစောကြီးရိန်းဂျားနဲ့အတူ ခြံထဲဆင်းပြီး ပန်းတွေခူးရတာ. . .



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုက်ထားတဲ့ အရောင်သွေးစုံ ပန်းရုံတွေကြားထဲမှာ ရိန်းဂျားနဲ့အတူပြေးလွှားဆော့ကစားရင်း ပန်းတွေခူးရတာဟာ စိတ်ကို ကြည်လင်လန်းဆန်းစေတယ်လေ။

ဒါပေမယ့် အဲ့ဒီအချိန်တိုင်းတစ်ခု စိတ်အနှောက်အယှက် ဖြစ်စရာလေးတော့ရှိတယ်။ ကြီးကြီးမားမားကိစ္စတော့ မဟုတ်ပါဘူး။ ပန်းခူးတိုင်းထွက်နေကျ အိမ်ဘေးတံခါးပေါ့၊ တစ်ခါတစ်ခါသေသေ ချာချာဖွင့်ထားရက်နဲ့ ပိတ်ပြီးအတွင်းက ချက်ကျကျနေတတ်တာ လေတိုက်လို့ပိတ်ပြီး ချောင်နေတဲ့ ချက်ကျကျနေတာ ဖြစ်နိုင်ပေမယ့် အဲ့ဒီအခါမျိုးဆို ဝသန့်မှာ ပြန်ဝင်လို့မရတော့ဘဲ အိမ်နောက်ဖေးမီးဖို ချောင်တံခါးက လှည့်လည်ပြီး ဝင်ရတော့တာပေါ့။ ဒီ. . . ချောင် နေတဲ့ချက်ကို မောင့်ကိုပြင်ခိုင်းဖို့ စိတ်ကူးရပေမယ့်လည်း မောင်က နေ့စဉ် သူ့ဆေးခန်းအလုပ်တွေနဲ့ မအားရတဲ့လူဆိုတော့ မပြောဖြစ် ခဲ့ပြန်ဘူး။ မောင်အားတဲ့ရက်တွေမျိုးကျပြန်တော့လည်း နှစ်ယောက် သား ကြည်နူးနေကြတာနဲ့ပဲ ဒီသေးအမွှားကိစ္စလေးကို မေ့မေ့သွားပြန် တယ်လေ။

အခုလည်းကြည့် မောင်မနိုးသေးခင် ရိန်းဂျားနဲ့အတူ ပန်းခူး ပြီးအပြန် ကိုယ်တော်ချောတံခါးက သေသေချာချာကို ဖွင့်ထားခဲ့ပါ လျက်နဲ့ ထုံးစံအတိုင်းပိတ်ပြီး အထဲကချက်ကျ၍နေပြန်သည်။ ဝသန့် လည်းထုံးစံအတိုင်း နောက်ဖေးပေါက်ဆီ ပြန်လှည့်ခဲ့ရပြန်၏။ ထိုအချိန် ရိန်းဂျားကတော့ ပန်းခြံထဲရှိ လိပ်ပြာလေးများနောက်သို့ သည်းသည်းမည်းမည်းလိုက်ကာ ကျန်ရစ်နေခဲ့သည်။ နောက်ဖေး ပေါက်ရှိရာ အိမ်ဘေးလမ်းကြားလေးအတိုင်း ဝသန့်ဝင်ခဲ့လိုက်၏။ ထိုစဉ်မှာပင်. . .

" အီး. . အဟင့်. . အဟင့်. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟင်. . . "

ရုတ်တရက် အမျိုးသမီးတစ်ယောက်၏ ရှိုက်ငိုသံသဲ့သဲ့ကြောင့် ဝသန့်ခြေလှမ်းများ ရပ်တန့်၍ သွားရလေသည်။ သေသေချာချာနား ဖွင့်၍ ကြည့်လိုက်ပြန်တော့ ဘာသံမှမကြားရတော့ပြန်။

" ငါ့စိတ်က ထင်လို့များလား " ဟူသောအတွေးဖြင့် သူမ ဘေးဘယ်ဝဲယာသို့ ရှာဖွေကြည့်လိုက်မိပြန်သည်။ မရေမရာဖြင့်ရှေ့ သို့ခြေလှမ်းများ အဆက်၌မူ. . .

" အဟီး. . . "

" ဟင့်. . . "

" အင့် "

ငိုသံက ပီသရှင်းလင်းစွာထွက်ပေါ်လာပြန်တော့သည်။ သူမ စိတ်ထင်၍မဟုတ် တကယ်ကြားနေရခြင်းပါပေ။ အသံကတစ်ဘက်ခြံ အုတ်တံတိုင်းအကွယ်နောက်မှ ထွက်ပေါ်နေခြင်းဖြစ်၏။ ဝသန့်ငိုသံ ထွက်ပေါ်နေသည့် ခြံစည်းရိုးအနီးသို့ပြေးသွားလိုက်ပြီး အသံပြုကြည့် လိုက်သည်။

" ဟိုဘက်က ဘယ်သူလဲဟင်၊ ဘာဖြစ်လို့လဲ "

သူမ မေးသံအဆုံး ထပြေးသွားသည့် လှုပ်ရှားသံလိုကြားလိုက် ရလေ၏။ ခြံစည်းရိုးအုတ်တံတိုင်းကိုကျော်၍ ကြည့်မြင်နိုင်ရန်ပင် အခွင့်အရေးမရလိုက်တော့။

ဝသန့်အတွက်ပထမဦးဆုံး မိမိပတ်ဝန်းကျင်ကို လေ့လာစူး စမ်းမိခြင်းပင်ဖြစ်၏။ အိမ်အပေါ်ထပ် မှန်ပြူတင်းပေါက်မှတဆင့် တစ်ဘက်ခြံထဲရှိအိမ်ကို လှမ်းကြည့်အကဲခတ်မိသည်၊ အိမ်ကိုလှမ်း မြင်နေရသော်လည်း ကြားက သစ်ပင်သစ်ကိုင်းကြီးများကြောင့် မြင်ကွင်းက ကြို့တို့ကျားတား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်ဆင်ဝင်အောက် အိမ်အောက်ထပ်တံခါးရှိရာနေရာကိုတော့ ကောင်းစွာမြင်တွေ့ကြည့်ရှု၍ရနေ၏။

မနက်ကအဖြစ်အပျက်အပြီး ဝသန်စတာဘက်ခြံမှအိမ်ကို မကြာခဏ တစေ့တစောင့်သတိထားကြည့်ခဲ့မိသည်။ နေ့ခင်းပိုင်းလို အချိန်မျိုးတိုင်း ထိုအိမ်ဆီသို့ ကားတစ်စီး မောင်းဝင်လာတတ်၏။ ပြီးတော့ ကားထဲမှ အမျိုးသားတစ်ဦး အိမ်ထဲသို့ ဝင်ဝင်သွားတတ်သည်။ တစ်ခါတစ်ရံ စားစရာသောက်စရာဟု ထင်ရသည့် အထုပ်အပိုးများလည်း ပါတတ်၏။ နာရီပိုင်းမျှကြာလျှင်မူ ထိုအမျိုးသားကားဖြင့် ပြန်လည်ထွက်ခွာ သွားတတ်ပြန်သည်။

ညနေပိုင်း မောင်ပြန်ရောက်ချိန်နီးသည့် အချိန်မျိုးမှာတော့. . . ဝသန်ဒီအလုပ်ကို မလုပ်ဖြစ်တော့၊ ဒီလိုစပ်စပ်စုစုအလုပ်မျိုးကို မောင်ကြိုက်မည်မဟုတ်မှန်း သိနေ၍ ဆင်ခြင်နေခြင်းပါပေ။

သို့သော်. . . မနက်စောစော အိပ်ယာနိုးနိုးချင်း မောင်မထသေးသည့် အချိန်မျိုးကျပြန်တော့ နေ့စဉ်ထ၍ကြည့်ရှုမိပြန်ပါသည်။ ဒီလိုအခါမျိုးကျတော့ နေ့ခင်းပိုင်းမြင်နေကျ ကားလေးကိုမတွေ့ရတော့၊ ဒါက ဝသန်အတွက် အကျင့်တစ်ခုလိုဖြစ်လာတော့သည်။

နောက်တစ်ခုက မောင်မရှိလျှင် ရေချိုးခန်းထဲမဝင်ရဲသော အကျင့်တစ်ခု၊ ဒီအကျင့်ကမူ မပျောက်သေး။ နွေရာသီဘက် အရမ်းကို ပူလောင်အိုက်စပ်သည့် အခါမျိုးကျတော့ ဝသန်ဒုက္ခရောက်ရတော့သည်။

ခက်သည်က ဒီအိမ်လေးကို ဝသန်ရောက်ခဲ့သည့်နောက်ပိုင်း မိမိအရင်ဤအိမ်၌ အခြားတစ်စုံတစ်ယောက်ရှိနှင့် ရောနှင့်နေပြီးဖြစ်သလို စိတ်ထဲကထူးဆန်းစွာ ခံစားသိနေသည့် ဖီလင်တစ်မျိုးနဲ့ မောင်မရှိသည့်အချိန် တစ်စုံတစ်ယောက်က အနားကပ်လိုက်လံ



www.burmeseclassic.com

www.burmeseclassic.com


စောင့်ကြည့်နေသလိုမျိုးကြီး ခံစားနေရခြင်းပင်။

ယခင်က အိပ်မက်ဆိုးများကိုသာ ကြောက်မက်ဖွယ်ထင်ခဲ့မိသော်လည်း ဒီလိုသံသယအစွဲ အတွေးမျိုးကြီးကလည်း တစ်နည်းတစ်ဖုံ စိတ်ပျက်ဖွယ်ကောင်းလှပေတော့၏။

နောက်တော့ ဒါတွေအားလုံးဟာ အားငယ်စိတ် ကြောက်စိတ်ကြောင့်သာ စိုးမိုးဝင်ရောက် အနိုင်ယူတတ်တဲ့ အရာတွေပဲလို့ ဝဿန် သဘောပေါက်မိတော့ ကိုယ့်ကိုယ်ကိုရဲရင့်အောင် ဝဿန် ကြိုးစား ကြည့်မိသည်။

ပထမဆုံး ရဲရင့်စိတ်ကိုမွေးနိုင်အောင် မောင်မရှိလျှင် မဝင်ရဲခဲ့သည့် ရေချိုးခန်းအတွင်း ဝင်ကြည့်မည်ဟုဆုံးဖြတ်မိ၏။ ဒီဆုံးဖြတ်ချက်ကို နေ့ခင်းဘက်ပူလောင်အိုက်စပ်သည့် ဝေဒနာက ဆန့်ကျင်ဘွန်းအား ပို့လိုက်သောအခါ. . .

ဝဿန့် ကိုယ့်ကိုယ်ကိုအားပေး၍ ရေချိုးခန်းတံခါးကို ဖွင့်လိုက်သည်။ ဘာမှမဂ်္ကတဲ့အခန်းမှာ ဘာကိုကြောက်စရာလိုလို့လဲ။

မိမိဘာသာပြုံး၍ ရေချိုးခန်းတံခါးကို သေသေချာချာပြန်ပိတ်လိုက်ပြန်၏။ သို့သော် ထိုအချိန်လေးတွင်ပင်. . .

‘ ဟင် ’

နောက်ဘက်ဆီမှ သဏ္ဍာန်တစ်ခု ဖြတ်ပြေးသွားသလိုမျိုး မျက်လုံးထောင့်စွန်းတွင် တွေမြင်လိုက်ရတော့သည်။ ဝဿန်ဖျတ်ခနဲလှည့်ကြည့်လိုက်ပြီး ကြောက်စိတ်ဖြင့် အသံကျယ်ကျယ်အော်လိုက်မိသည်။

“ ဘယ်. . . သူ. . လဲ. . ”

ထိုစဉ် သေသေချာချာပိတ်ထားသည့် ရေချိုးခန်းတံခါးက တစ်စုံတစ်ယောက်ဆွဲဖွင့်လိုက်သမျိုး ကျွီခနဲပွင့်၍သွားပြန်၏။


www.burmeseclassic.com

www.burmeseclassic.com



" ဟိတ်. . . ဘယ်သူလဲ "

ထပ်မံအောက်မေးပြီး ဝဿန်အပြင်ဘက်ဆီသို့အပြေးအလွှားထွက်ကာ ကြည့်လိုက်သည်။ သို့သော် အပြင်ဘက်၌မည်သည့်အရိပ်အရောင်ကိုမှမတွေ့ရ။ မိမိတစ်ယောက်တည်းရှိသော အိမ်အတွင်းတစ်စုံတစ်ယောက် ဝင်ရောက်လာနိုင်စရာလည်း အကြောင်းမရှိ။ အဘယ်ကြောင့်ဆိုသော် အိမ်တံခါးအားလုံးကိုလုံခြုံစွာ ပိတ်ထားခဲ့သည်မဟုတ်ပါလား။

ဝဿန် တွေဝေနေဆဲ. . .

" ဝေါ. . . ဖရော. . . "

ရေပန်းမှ ရေများကသူ့အလိုလို ဝေါခနဲပွင့်ကျလာပြန်တော့သည်။ ဝဿန်ကြောက်စိတ်တို့က ဒေါသနွေးနွေးတို့အဖြစ်ကူးပြောင်းသွားလေတော့၏။

" တောက်. . . ဒီလောက်တောင်ဖြစ်လှတာ "

စတိုခန်းထောင့်မှ သံပိုက်လုံးဟောင်းတစ်ခုကို ကောက်ကိုင်လိုက်ပြီး ရေချိုးခန်းဆီပြန်လျှောက်လာခဲ့သည်။

သို့သော် အနီးရောက်မှ စိတ်ကတစ်မျိုး ပြောင်းသွားပြန်၏။

" မဖြစ်ပါဘူး မောင့်ကိုပြောပြီး ဒီရေချိုးခန်းထဲက တံခါးသော့နဲ့ ရေပန်းဘုံပိုင်တွေ အကုန်လုံးလဲပစ်တာပဲ ကောင်းမယ် "

အတွေးနှင့်အတူ 'Towel Line' ပေါ်မှ မျက်နှာသုတ်ပုဝါကို လှမ်းယူရန်ပြင်လိုက်၏။ ခေါက်စညီ သေသေချာချာ တင်ထားသည့် မျက်နှာသုတ်ပုဝါက သူ့အလိုလိုအောက်သို့ ချောကျသွားပြန်သည်။

"ဖြစ်ပြန်ပြီ ဒါ. . . ဒါတွေဟာ သွေးရိုးသားရိုးတွေ မ. . .



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘူး ”

ရုတ်တရက် ဝင်ရောက်လာသည့်တုန်ရင်ကြောက်လန့်မှုကြောင့် သူမရေချိုးခန်းဆီမှ အပြန်ဆုံးထွက်ခွာလာမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

သူမပြောပြသမျှတို့ကို နားထောင်အပြီး မေမေကပြုံးစစရှိနေသော်လည်း ဖူးစုံမှာမူ မျက်လုံးကလေးဝိုင်းနေတော့သည်။ ပြီးမှ မေမေကဆို၏. . .

" သမီး ကျန်းမာရေးကိုလည်းပြန်စစ်ကြည့်သင့်တယ်လို့ မေမေ ထင်တယ် "

" ဟာ. . . မေမေကလည်း. . သမီးကိုယ်သမီးအသိဆုံးပါ သမီးဘာမှမဖြစ်ဘူး "

" ဒါ. . . ဒါဖြင့် ဒီလိုဖြစ်နေတာတွေကို နင်ကဘယ်လိုထင်လို့လဲ. . "

ဖူးစုံကဝင်မေးလိုက်ခြင်းပါပေ. . .

ဝဿန်တစ်စုံတစ်ခုကိုဖြေရန် အားယူလိုက်ဆဲမှာပင် မေမေက. . .

" ကဲ ထားပါတော့. . . အခုကိစ္စတွေကို သမီးယောကျ်ား မောင်နေထက်ဇော်ကိုရောပြောပြခဲ့သေးလား "

" ဟင့်အင်း "



www.burmeseclassic.com

www.burmeseclassic.com



သူမ မေမေ့ကို ခေါင်းရမ်းပြလိုက်မိသည်။ ဟုတ်သည်လေ ဒီကိစ္စတွေအားလုံးကို မောင့်အား ဝဿန်ဘယ်လိုဖွင့်ပြောရပါမည်လဲ။

" ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ နင်ဖွင့်ပြောသင့်တာပေါ့ ဝဿန်ရယ်. . . "

ဖူးစုံကို သူမတစ်ချက်ကြည့်လိုက်မိ၏။

" ထားပါတော့ ငါကဖွင့်ပြောပါပြီတဲ့ သူကယုံဦးမှကိုးဟဲ့ အခုတောင် နင်နဲ့မေမေတို့ ငါပြေပြတာတွေကိုမယုံကြသေးဘူးမဟုတ်လား. . . "

ဖူးစုံက မေမေ့မျက်နှာကို မျက်လုံးဝိုင်းလေးဖြင့်လှမ်း၍ ကြည့်၏။

" တကယ်ပြောတာ မေမေ. . . "

" အရင်ကသမီး တစ္ဆေသရဲဆိုတာတွေကို စိတ်ဝင်စားခဲ့တာကလွဲလို့ အပြင်မှာတကယ်ရှိနိုင်လိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူး၊ အခုဖြစ်ပျက်နေတဲ့ အရာတွေကျတော့. . . "

" တော်ပါတော့ သမီးရယ် မဟုတ်တဲ့အကြောင်းအရာမျိုးတွေ တွေးမနေပါနဲ့တော့ သမီးလည်းခေတ်ပညာတတ်တစ်ယောက်ပဲ. . "

" အဲဒါကြောင့် ခက်နေတာပေါ့မေမေရဲ့ အခုဟာ. . . "

ဝဿန်ပြောလက်စ စကားတစ်ဝက်တစ်ပျက်နှင့်ရပ်၍သွားရတော့သည်။ အဘယ်ကြောင့်ဆိုသော် သူမစကားမဆုံးမီ အိမ်ထဲသို့ ဝင်ရောက်လာသည့် မောင့်ကိုတွေ့မြင်လိုက်ရသောကြောင့်ပင်ဖြစ်၏။

" ရှာလိုက်ရတာ ဝဿန်ရယ် အိမ်မှာမတွေ့တော့စိတ်ပူသွားတာ. . . နောက်မှ ဒီကိုလာမလားလို့ စဉ်းစားမိပြီးလိုက်လာမိတာ။ သွားမယ်ဆိုလည်း မောင့်ကိုအကျိုးအကြောင်း ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



လေးဘာလေးဆက်ပြီးသွားရောပေါ့. . . ”

“ ဆောရီး မောင်. . . ဝဿန်လည်းလေ. . . ဟို. . . ဟို. . . ရုတ်တရက်ကြီးစိတ်ကူးပေါက်လာတာနဲ့ ထလာခဲ့မိတာ ”

“ ကဲကဲ. . . လာ သွားနေထက်ဖော် အခုပဲ. . သမီးနဲ့ပြော နေကြတာ . . . မင်းတို့အိမ်မှာ အိမ်တက်တရားလေး ဘာလေးနာရင်း ဘုန်းကြီးဆွမ်း အလှူကလေး လုပ်ဖို့ ပြောနေတာ. . . ”

“ ခင်ဗျာ. . . ဘာ. . ဘာဖြစ်လို့လဲ ”

“ ဩော် မင်းတို့ရပြီးကတည်းက အိမ်မှာတစ်ခါမှ အလှူလေး ဘာလေး မလုပ်ရသေးဘူးမဟုတ်လား။ ဘာပဲဖြစ်ဖြစ် မင်္ဂလာပေါ့ကွယ်။ အလှူအတန်းဒါန လုပ်တာ အကျိုးယုတ်တာမှ မဟုတ်ဘဲ ”

မေမေ့ဆန္ဒကို ဝဿန်နားလည်လိုက်သော်လည်း ဒီကိစ္စအတွက် မောင်စိတ်အနှောက်အယှက် ဖြစ်သွားလေမလားဟူသော စိုးရိမ်စိတ်ဖြင့် မောင့်မျက်နှာကို ဝဿန်မဝံ့မရဲ တစ်ချက်ကြည့်လိုက်မိလေ၏။

ထင်သည့်အတိုင်းပင် မောင်ကဝဿန့်ကို မျက်လုံးစိမ်းကြီးများဖြင့် ကြည့်လို့နေသည်။ ဒီအတွက် သူမမလုံမလဲဖြင့်. . .

“ မေမေရယ် မောင်ကအားရတဲ့အချိန်မှမရှိတာ ”

လို့ ဆိုလိုက်တော့ အလိုက်ကန်းဆိုးမသိသည့် ဖူးစုံက. . .

“ ဟဲ့ ဒါမျိုးကိစ္စက မငြင်းကောင်းဘူးဟဲ့. . . နင်တို့ငရဲကြီးလိမ့်မယ် ”

လို့ဝင်ပြောပါလေရော။

ထိုအခါ မောင်ကမျက်နှာကိုပြင်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



" ရပါတယ်ဗျာ အလှူအတန်းဘာသာရေးကိစ္စပဲ ကျွန်တော် မငြင်းပါဘူး၊ လုပ်ရမှာပေါ့. . . ဝသန်တစ်ခုခုများဖြစ်လို့ လားဆိုတာသာ ကျွန်တော်ကစိုးရိမ်တာပါ။ ဝသန်ဘာဖြစ် သလဲ. . . မောင့်ကိုပြောပြပါလား "

" အို. . . ဘာ. . . ဘာမှမဖြစ်ပါဘူး မောင်ရဲ့ "

သူမထိတ်ထိတ်ပြာပြာငြင်းလိုက်တော့ မေမေကသူမကို သိမသာမျက်စောင်းလှမ်းထိုး၏။ ပြီးမှ. . .

" ကဲ. . . ဘာမှမဖြစ်ရင်လည်းပြန်ကြတော့၊ မောင်နေထက်ဇော် လည်းပင်ပန်းလာတာနားချင်ရှာမှာပေါ့။ နောက်ဆိုသမီး ကလည်း ကိုယ့်ယောကျ်ားကိုအသိမပေးဘဲနဲ့ဘယ်မှ ထွက် ထွက်မလာနဲ့ "ဟုပြောလိုက်လေတော့၏။ အပြန်ကားပေါ် ရောက်တော့ မောင့်မျက်နှာ ကသိပ်ပြီးမကြည်လင်ချင်. . .

" ဝသန် မောင့်ကိုတစ်ခုခုလျှို့ဝှက်ထားတယ်မဟုတ်လား" ထင်သည့်အတိုင်း မောင်ကသံသယမျက်လုံးတို့ဖြင့် မေးလာ သည်။ သို့သော် ဝသန်ကမျက်နှာကို ကြွေမပျက်အောင်သတိ ထားပြီး. . .

" ဘာလို့လျှို့ဝှက်ရမှာလဲ မောင်ရဲ့. . . မောင်နဲ့ဝသန်တို့ ကြားမှာ ဘာလျှို့ဝှက်စရာရှိလို့လဲ. . . "

" မဟုတ်သေးပါဘူးကွာ. . . ဝသန်အိမ်မှာတစ်ခုခုဖြစ်ခဲ့ တယ်မဟုတ်လား၊ ဘာမှမဖြစ်ဘဲနဲ့တော့ ဝသန်မေမေက အိမ်မှာဆွမ်းကျွေးဖို့ ကိစ္စပြောမှာမဟုတ်ဘူး၊ မောင်ဒီလောက် အထိမနုံသေးပါဘူး ဝသန်ရယ်. . . "

မောင့်စကားကြောင့် သူမအဖြေရခက်သွားတော့သည်။ မောင့်လိုလူတစ်ယောက်ကို ဇွတ်အတင်းကြီး ပိတ်ငြင်းနေလို့လဲမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့. . .

ထို့ကြောင့်. . .

" ကဲ. . ထားပါတော့ မောင်ရယ် မောင်ကဆေးသိပ္ပံသမား တစ်ယောက်ဆိုတော့ ဝသန်ပြောပြလည်းယုံမှာမှမဟုတ်တာ " ဟုဆိုလိုက်တော့ မောင့်မျက်လုံးများကအရောင်တစ်ချို့တောက်ပသွားကြသကဲ့သို့ ထင်လိုက်ရတော့သည်။

" ဟင်. . . မောင်က မယုံရအောင်. . ဝ. . ဝသန်ဘယ်လိုကိစ္စမျိုးတွေ တွေ့ကြုံခဲ့ရလို့လဲ. . . ပြောစမ်း. . . ဝသန် " မောင့်ပုံစံနှင့်လေသံကြောင့် ဝသန်ပင်လန့်ချင်သလိုဖြစ်သွားရလေသည်။

ပြီးမှ မယုတ်မလွန်ဖြင့်. . .

" ဟို အချင်ကာလို့ဝသန်ကြောက်စိတ်တွေပြန်ဝင်လာလို့ပါ မောင်ရယ် " ဟုဖြေလိုက်မှ မောင့်မျက်ဝန်းအရောင်များ လျော့ပါးသွားလျှက်။

" ဪ. . . ဝသန်ရယ် " ဟုတိုးလျစွာဆိုကာ ကားမောင်းနေရင်းမှ လက်တစ်ဘက်ဖြင့်ဝသန့်ကို နွေးထွေးစွာ ပွေ့ဖက်လာတော့သည်။

ဒီလိုဆိုတော့လည်း ချစ်သူ၏ရင်ခွင်သည်လုံခြုံအေးချမ်းလျှက် အင်အားသစ်များတိုးပွားလာသည့်နှယ် ခံစားရပြန်သည်။

တစ်ပတ်တာအတွင်း ဝသန်စိတ်သဘောကျရေချိုးခန်းတစ်ခုလုံးကို မောင်ပြင်ဆင်ပေးခဲ့သည်။

အခုမှ သူမမှာ 'Bath Tub' အတွင်းဖိမ်ကျကျရေစိမ်ကာချိုး နိုင်တော့သည်။

ဝသန် 'Bath Tub' ထဲစိမ်ကာ နွမ်းနယ်သမျှတို့ကိုဖြေလျှော့



www.burmeseclassic.com

www.burmeseclassic.com



နေဆဲ. . .

' ချပ် '

အသစ်တပ်ထားသည့် ရေချိုးခန်းတံခါး ... ... တစ်စုံတစ်ယောက်လှည့်လိုက်သလိုမျိုး လည်၍သွားကာ ရုတ်တရက်ပွင့်သွားသောတံခါးဝမှ တစ်စုံတစ်ယောက်ကို မြင်တွေ့လိုက်ရတော့သည်။

' မောင် ... မောင်လေးသင် '

တုန်ရင်စွာမေးရင်း သေချာစွာကြည့်ရှုမိလိုက်တော့. . . မောင်မဟုတ်. . .

ဘုရားရေ. . . မိန်းကလေးတစ်ယောက်ဖြစ်၍ နေပါပေါ့လား. . . အတိအကျဆိုမူ တစ်ကိုယ်လုံး ရေစိုစက်သက်နှင့်မကျေနပ်သည့်တစ်ခုခုကို ဖြေရှင်းတော့မည့် သွင်ပြင်သဏ္ဍာန်မျိုးဖြင့် ထူးခြားသည့် မိန်းကလေးတစ်ယောက်။

" မင်း. . . မင်း. . . ဘယ်သူလဲ "

သူမ မဝံ့မရဲကြည့်ရင်းမေးလိုက်မိတော့ မိန်းကလေး၏ မျက်နှာက သူမ၏မျက်နှာနှင့် ခပ်ဆင်ဆင်တူနေသည့် အဖြစ်ကြောင့် အံ့သြ သွားရပြန်လေသည်။

သို့သော် ထိုမိန်းကလေး၏ မျက်ဝန်းများက လှုပ်ရှားမှုမရှိသလောက် ငြိမ်သက်လွန်းနေကာ မျက်နှာနှင့်နှုတ်ခမ်းတို့ကလည်း သွေးရောင်ကင်းမဲ့လျက် ဖြူရော်ရော်ကြီးဖြစ်နေသည်မှာမူ ကြောက်စရာကောင်းလွန်းလှ၏။ မိန်းကလေးက သူမအနီးသို့ တရွေ့ရွေ့ကပ်လာနေသည်။

" မင်း. . . မင်း. . . "

သူမ 'Bath Tub' ထဲမှပင် ထနိုင်ခွင့်မရလိုက်တော့။ မိန်းကလေး၏ သန်မာလွန်းသော အေးစက်စက်လက်ကြီးအစုံက သူမ



www.burmeseclassic.com

www.burmeseclassic.com



လည်တိုင်အပေါ်ကို ကျရောက်လာတော့သည်။

" အား. . ."

မင်း. . . မင်း "

သူမကြောက်လန့်တကြားရုန်းကန်နေသော်လည်း 'Bath Tub'ထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေလေတော့၏။

" အား. . ."

" မ. . . မလုပ်နဲ့. . ."

ထိုစဉ် မိန်းကလေးထံမှ ကြောက်မက်ဖွယ်ကောင်းလှသော အေးစက်စက် ကြိမ်းမောင်းသံကြီးနှင့်အတူ. . .

" ငါ. . . သေ. . . သလို. . . နင်သေစေရမယ် "

" အား. . ."

" ဝ. . . ဝူး. . . "

ကြောက်လန့်ခြင်း၊ မွန်းကျပ်ခြင်းများဖြင့် ဝသန်ထိတ်လန့်ဖွယ်အိပ်မက်ဆိုးကြီးမှ လန့်၍နိုးလာရလေတော့၏။

" အား. . . "

" ဝသန်. . . ဝသန်. . . ဘာဖြစ်တာလဲ "

နံဘေးမှ မောင်လည်းနိုးလာကာ အတင်းထွေးပွေ့ ထားသည်။ မောင့်ရင်ခွင်ထဲတိုးဝင်ရင်း အသားများ တဆတ်ဆတ်တုန်ရင်နေ၏။

" ဟို. . . ဟို. . . အိပ်မက်. . . ထဲမှာ "

ရေချိုးခန်းအတွင်း မဟုတ်တော့ဘဲ မောင်နှင့်အတူအိပ်ခန်းအတွင်းဟူသော အသိဝမ်းမြောက်ဖွယ် ကောင်းလွန်းလှသည်။

" မဖြစ်ပါဘူး. . . နောက်နေ့ ဝသန်ဆေးပြန်သုံးရလိမ့်မယ် "



www.burmeseclassic.com

www.burmeseclassic.com



မောင်က စိုးရိမ်စွာညည်းရင်းဇရအေးအေးတစ်ခွက်ကိုထယူလိုက်၏။

အာရုံထဲ၌ မိန်းကလေး၏ပုံရိပ်ကို မပျောက်ဖျက်နိုင်ဘဲရှိလေ၏။ ခေတ်မီအိပ်ဆေးစိတ်ငြိမ်ဆေးတွေကရော၊ တဒင်္ဂထက်ပို၍ ဒီအာရုံ အစွဲအလန်းတွေကို ချေဖျက်နိုင်ပါတော့မည်လား . . ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

မိမိဘာသာ ထိမ်းချုပ်နိုင်စွမ်းမရှိသောစိတ်နှင့်သာမန်မဟုတ်သည့်ဆေးဝါးအကာအကွယ်များကို မှန်းတီးနေမိသည်။

မောင်တိုက်ထားသည့်ဆေးသောက်ပြီးပြီးချင်း ဆေး၏အာနိသင်အစွမ်းမပြမီ ပြူတင်းပေါက်ဆီသို့ ခပ်ထွေထွေ ငေးကြည့်နေမိလေ၏။

ထိုစဉ်. . .

' ကျွီ '

တံခါးအီသံတစ်ခုဖြင့် ခပ်ဟဟပွင့်သွားသောပြူတင်းတံခါးကြောင့် သူမဆက်ခနဲတုန်လှုပ်သွားရလေသည်။

' ဟင် '

မောင့်ကိုကြည့်လိုက်တော့ နံဘေးတွင်နှစ်ခြိုက်စွာအိပ်မောကျနေ၏။ ထိုအချိန် ဝဿန်တို့အိပ်ယာခြေရင်းတွင် ခွေခွေကလေးလဲလျောင်းနေသည့် ရိုန်းဂျားက ခေါင်းထောင်ကာ ပွင့်သွားသောပြူတင်းပေါက်ကို စူးစူးဝါးဝါးကြည့်နေသည်။ ထိုမှ ဂဲခနဲတစ်ချက်နာန်ဖီ၍ အခန်းထဲမှ တိုးထွက်သွားတော့၏။ သူမမဝံ့မရဲဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြူတင်းပေါက်ဆီသို့ သွားရောက်ကြည့်ရှုလိုက်မိသည်။

အဲဒီမှာပဲ. . . အရိပ်တစ်ခုလား အငွေ့တစ်ခုလား မကွဲပြားသော သဏ္ဌာန်တစ်ခုကို ဝသာန်မြင်တွေ့လိုက်ရ လေတော့သည်။

" ဟင်. . . ဒါ. . . ဒါ ဘယ်သူလဲ "

နှစ်ခြိုက်စွာအိပ်ပျော်နေသည့် မောင့်ကိုနှိုးလိုက်ရမည်လား ဘာမှန်းမသိရသော ထိုအရာပျောက်ကွယ်သွားလျှင်. . . သူမအတွက် ဆေးတွေတိုးလာမည်မှာသေချာ၏။

' ဝုတ်. . ဝုတ် . .

ဘုရား. . . ဘုရား. . . ရိန်းဂျား၏ဟောင်သံက ကန်ဘောင် ဘက်ဆီမှထွက်ပေါ်လာပြန်သည်။

သူမ မရဲတရဲဖြင့်ပြူတင်းပေါက်ဆီမှ လှမ်းကြည့်လိုက်ပြန် တော့ လရောင်ဖွေးဖွေး ကန်ဘောင်မြက်ခင်းစပ်၌ အမျိုးသမီးတစ် ယောက်၏ သဏ္ဌာန်ကိုထင်ရှားစွာ လှမ်း၍မြင်လိုက်ရတော့သည်။

အမျိုးသမီးက မလှုပ်မယှက်ရပ်တန့်ကာ မိမိတို့အိပ်ခန်းဆီ သို့ ကြည့်ရှုနေလေ၏။ သူမ၏ဆံပင်ရှည်ကြီးများက လေထဲတွင် တလွင့်လွင့်. . .

ဝသာန်ကြည့်ရင်းမှ ကြက်သီးတွေ တဖြန်းဖြန်းထလာတော့ သည်။

" ဒါ. . . ဒါ တစ္ဆေလား. . . . လူလား. . . "

ထူးဆန်းသည်က ရိန်းဂျားသည်ပင် အမျိုးသမီးကို ရန်သူ ဗမာ ဟောင်နေခြင်းမျိုးမဟုတ်ဘဲ သခင်ကိုတွေ့ရ၍ မြူးတူးကာ လှည့်ပတ် ကျီဆယ်၍ ဟောင်နေခြင်းမျိုး ဖြစ်နေခြင်းပင်။

ဝသာန် ဝေခွဲရမဆုံးခင်မှာပင် အမျိုးသမီးကရေကန်ဆီသို့ သားလေ့ကားအတိုင်း တရွေ့ရွေ့လျှောက်သွားနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဝဿန် မစဉ်းစားတော့ ဒိပ်ပျော်နေသည့်မောင့်ကို အတင်းလှုပ်နိုးလိုက်တော့သည်။

" မောင်. . . မောင်. . . ထ. . ထပါဦး "

" အင်. . ဝ. . ဝဿန် ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ "

" ဟို. . . ဟိုမှာ လူ. . . လူ. . . "

" ဟင်. . ဘယ်မှာလဲ "

မောင် ကမန်းကရမ်းထရင်း သူမညွှန်ပြသည့်ပြူတင်းပေါက်ထံအပြေးအလွှား သွားရောက်၍ ကြည့်လိုက်သည်။

" ဘာ. . . ဘာမှလည်း မတွေ့ပါလား ဝဿန်ရဲ့ "

မောင်ကစိုးရိမ်တကြီးအမူအယာဖြင့် ကန်ဘက်သို့ကြည့်ရင်း သူမကိုထွေးပွေ့လာသည်။

" အ. . . အစောပိုင်းက ရှိ. . . ရှိတယ်မောင်ရဲ့. . ဟို. . ဟို ရိန်းဂျားရောပဲ "

" ဘာမှမရှိပါဘူး ဝဿန်ရယ် မင်းဆေးတွေသောက်ထားတာပဲ၊ ကဲလာ. . . ပြန်အိပ်တော့နော် "

သူမ ကန်ဘက်ဆီသို့မဝံ့မရဲ တစ်ချက်လှမ်းကြည့်လိုက်တော့ ဟုတ်သည် ဘာမှမရှိနေတော့. . . သူမမောင့်ကို ဘာမှပြန်မပြောနိုင်လောက်အောင် ထိုင်းမှိုင်းလေးလံသွားပြီး မောင်တွဲခေါ်ရာ ကုတင်ဆီသို့အလိုက်သင့် ပါသွားမိတော့သည်။

" ဆေးသောက်ပြီးရင် အိပ်ယာထဲမှာပဲနေသင့်တယ် ဝဿန်ရဲ့ ကဲပြန်လှဲနေလိုက်နော် "

ပွင့်နေသည့်တံခါးကို မောင်ကဆွဲပိတ်ကာ ချက်ထိုးလိုက်၏။ ခဏအကြာမှာတော့ တုန်ရီခြင်း၊ မောဟိုက်ခြင်းတွေအပြင် သောက်ထားခဲ့သည့် ဆေးအရှိန်များပြလာခဲ့ပြီမို့ ဝဿန်၏အသိစိတ်တို့က



www.burmeseclassic.com

www.burmeseclassic.com



အနက်ရှိုင်းဆုံးတစ်နေရာဆီသို့ ငုတ်လျှိုးကျရောက်သွားလေတော့သည်။

ခေါင်းတစ်ခုလုံး နောက်ကျိုပြီး ဝဿန်အိပ်ယာကနိုးလာတော့ မောင်ကအလုပ်သွားလေပြီ။

ညကအဖြစ်အပျက်ကြောင့် ဝဿန်လုပ်နေကျ ဝတ္တရားများ ဖျက်ကွက်ခဲ့ရလျှက် မောင်သူ့ဘာသာသူ နံနက်စာကို စီမံစားသောက်ပြီး အလုပ်သို့ထွက်ခွာသွားသည်ထင်၏။

သူမ ကုတင်ပေါ်ကထမိတော့ ထုံးစံအတိုင်းလုပ်နေကျအလုပ်တစ်ခုကို လုပ်မိပြန်ပါသည်။

ကြည့်နေကျ အပေါ်ထပ်ပြူတင်းတံခါးမှ တစ်ဖက်အိမ်ကို ချောင်းကြည့်လိုက်ခြင်းပင်။

ထိုစဉ်ပင် တိုက်တိုက်ဆိုင်ဆိုင် အမျိုးသမီးတစ်ဦးအိမ်ထဲမှ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ပြေးထွက်လာသည့်မြင်ကွင်းကို ဝဿန်မြင်တွေ့လိုက်ရလေတော့သည်။

" ဟင်. . . ဒါ. . . သူ. . . တစ်ခုခုဖြစ်လို့ပဲ "

ဝဿန်ဘာမှမလုပ်နိုင်သေးဘဲ ဆံပင်ကိုအမြန်စုစည်းကာ ခြံထဲသို့ ပြေးဆင်းလာမိသည်။

တစ်ဘက် ခြံစည်းရိုးအစပ်ရောက်တော့ အမျိုးသမီးရှိလောက် မည့်ခြံစည်းရိုးတံတိုင်းအနီးကပ်ကာ အသံကိုနားစွင့်လိုက်မိ၏။

ထိုစဉ်ပင်. . .

" အဟင့်. . . ဟင့်. . . အင့် "

လူကိုမမြင်နိုင်သောလည်း ငိုသံကိုမူစတင်ကြားလိုက်ရလေတော့သည်။ ဝဿန်စဉ်းစားမနေတော့ ချက်ချင်းအသံပြုကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

" ဒီမယ်. . . ဒီမယ် "

တစ်ဘက်ကငိုသံကရပ်သွား၏။ သို့သော်ကျိတ်၍ရှိုက်သံကိုမူ သူမြိုသိပ်တားဆီးနိုင်စွမ်းမရှိ၊ တအင့်အင့်အသံကိုခပ်သဲ့သဲ့ကြားနေရလေသည်။ ဝဿန်အံရဲစွန့်ပြီးပြောလိုက်သည်။

" ဒီမယ်. . . တစ်ခုခုများဖြစ်နေတာလား ကျွန်မဘာအကူအညီပေးရမလဲ. . . ကျွန်မပြောတာကို ရှင်ကြားရဲ့လား "

ပြန်လည်တုန့်ပြန်သံမကြားရပေမယ့် သူမစကားကြောင့် ငိုရှိုက်သံမှာ တစ်စုံတစ်ရာပြန်လည်ပြောဆိုဖို့ စဉ်းစားနေသည်မှာသေချာသည်။

သို့သော် ထိုအခိုက်အတန့်လေးမှာပင်. . .

" ဩော် မင်းကဒီမှာရောက်နေတာကိုး ပြန်လာခဲ့စမ်း. . . လဲ့ရည် ငါ. . တယ်. . . အခုမြန်မြန်ပြန်လာခဲ့စမ်း "

အိမ်ကြီးတစ်ဘက်ဆီမှ ယောကျ်ားတစ်ဦး၏ဒေါသသံကြီးက ဟိန်း၍ထွက်ပေါ်လာတော့သည်။ ဝဿန်အသံကိုမြင့်ပြီးငိုသံရှင် လဲ့ရည် ဟူသည့်အမျိုးသမီးကိုပြောလိုက်၏။

" ရှင်. . . ရှင့်ကို သူတစ်ခုခုလုပ်တော့မယ်ထင်တယ် "

" ဟုတ်. . . ဟုတ်တယ် သူ. . . သူကျွန်မကို သတ်တော့မှာသေချာတယ် "

အမျိုးသမီး၏ ထိတ်လန့်တကြား တုန်တုန်ရင်ရင်ပြောလိုက်သောစကားကြောင့် ဝဿန့်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရလေတော့သည်။

" ဟင်. . ဒါ. . . ဒါဖြင့် ရှင်. . . ရှင် "

ဝဿန့်စကားမဆုံးမီတွင်ပင် တစ်ဘက်မှတ္တူးထိုးရှုန်းကန်း



www.burmeseclassic.com

www.burmeseclassic.com



သံဆွဲငင်သံများကို ကြားလိုက်ရလေတော့၏။

ဝသန်ခြံစည်းရိုးအုတ်တံတိုင်းကို ကြိုးစားကာဖွဲ့ကုတ်တက်၍ တစ်ဘက်ကအခြေအနေကိုမြင်နိုင်ရန် ကြိုးစားလိုက်သည်။

" ဟင် "

မမှိုမကာမ်းလှမ်းမြင်လိုက်ရသောမြင်ကွင်းက. . . အမျိုးသမီးငယ်တစ်ယောက်ကိုယောကျ်ားတစ်ယောက်က အတင်းကြမ်းတမ်းရက်စက်စွာဆွဲခေါ်သွားသည်ကို မြင်တွေ့လိုက်ရတော့သည်။

သူမ. . . ဘာလုပ်ရမည်နည်း. . . လဲ့ရည်ဆိုသောမိန်းကလေးပြောသကဲ့သို့ ထိုလူသည် သူမအားသတ်ဖြတ်ရန် ဆွဲခေါ်၍သွားခြင်းပေလော။

ဘာမှ အကျိုးအကြောင်းဇစ်မြစ်မသိရဘဲ သူတို့ကြားထဲ သူမဝင်ပါရန်သင့်ပါသလော. . .

ဒီလူကရော ဘာလဲ. . . လူတစ်ယောက်ကိုရက်ရက်စက်စက်သတ်ဖြတ်ပုံသည့်လူဆိုးတစ်ဦးလေလား. . .

ဝသန်အတွေးတို့ဖြင့် ချီတုံချတုံဖြစ်ကာ ကတုန်ကရင်ကြီးတုန်နေရစ်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

မနက် မြင်တွေ့လိုက်သော ထိတ်လန့်ဖွယ်အဖြစ်အပျက်ကြောင့် ဝဿန် တစ်နေ့လုံး ကတုန်ကရင်ကြီး ဖြစ်နေခဲ့ရသည်။

မောင် ပြန်ရောက်လာခဲ့တော့ သိချင်စိတ်ကို မတားဆီးနိုင်တော့ဘဲ တစ်ဘက်ခြံအကြောင်းကို မသိမသာစပ်စုကြည့်လိုက်မိတော့သည်။ မောင်က ဝဿန့်ကို အံ့သြကြည့်၍

" ဒီလူ ဘာလဲဆိုတာ မောင်လည်းဘယ်သိမှာလဲ. . . ဒီမှာ အမြဲနေပုံလည်း မရပါဘူး။ ပြီးတော့ အရင်ကအမျိုးသမီးဆိုတာလည်း မမြင်ရပါဘူး။ ဒါနဲ့ နေပါဦး ဝဿန်ကဘာဖြစ်လို့ သူများအကြောင်းစပ်စုနေရတာလဲ။ သူများအကြောင်းစပ်စုတာ မောင်မကြိုက်ပါဘူး။ ကဲ. . . မောင်ရေချိုးလိုက်ဦးမယ် "

ဟု ဆိုက . . ခန်းထဲသို့ဝင်သွားမှ ဝဿန် သက်ပြင်းလေးတစ်ခုကို မသိမသာ ချလိုက်မိသည်။

ညရောက်ပြန်တော့လည်း ဝဿန်မှာ ထိုကိစ္စကို . . . . ၍ အိပ်မ ပျော်နိုင်ပြန်။ မောင်ကတော့ အိပ်ယာဝင်ခါနီး ဂျာနယ်စာအုပ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မေးရှာသည်။

"ဝသန် ဆေးသောက်ဖို့ မမေ့နဲ့နော်. . . မောင်ဘာလုပ်ပေးဖို့လိုသေးလဲ. . ."

"ရပါတယ်. . . မောင်ရယ်"

"မောင် အိပ်ချင် အိပ်တော့လေ. . ."

မောင်အိပ်ယာထဲ ဝင်သွားတော့ ဝသန့်စိတ်တွေက ငြိမ်ချက်သား ကောင်းနေသည့် တစ်ဘက်ခြံအပေါ်တွင်ရောက်ရှိ သွားပြန်သည်။

"အင်း ငြိမ်ချက်သားကောင်းနေတာကိုက သံသယဖြစ်စရာပဲ"

မောင်အိပ်ပျော်သွားတာ သေချာတော့ ပြူတင်းပေါက်မှနေ၍ တစ်ဘက်ခြံကို တစေ့တစောင်း စောင့်ကြည့်မိပြန်၏။ စိတ်အထင် (၁၀)နာရီ ကျော်ကျော်လောက် ရောက်တော့. . .

"ဟော. . . ထွက်လာပြီ"

ဟုတ်ပါသည် မနက်ကမြင်လိုက်ရသည့် အမျိုးသား. . .

မိုးကာစလား အဝတ်စလား မသိသော အနက်ရောင်အိတ်ကြီးတစ်လုံး သဏ္ဌာန်ရှည်မျှောမျှောအရာတစ်ခုကို ထမ်းပိုးလာတာ ကားနောက်ခန်းအတွင်း မနိုင့်တနိုင်ထည့်သွင်းနေလေ၏။

ချက်ချင်း ဝသန့်ခေါင်းထဲ[illegible] ခုကို တွေးလိုက်မိသည်။

"ဟုတ်. . . ဟုတ်ပါပြီ ဟိုအမျိုးသမီးကိုလည်း မ. . . မတွေ့ဘူး. . . ဒါ. . . ဒါ"

ဝသန် အိပ်ခန်းအတွင်းသို့ အပြေးအလွှားဝင်ရောက်၍ မောင့်ကို နိုးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



" မောင်. . . မောင်ရေ "

" ထ. . . ထ ပါဦး မြန်မြန်"

မောင်အိပ်မှုန်စုံဝါဖြင့် နိုးလာလေ၏။

" အင်. . . ဘာ. . . ဘာဖြစ်ပြန်ပြီလဲ ကွာ. . . "

" မြန်မြန်ထပါဦး မောင်ရဲ့ ဟိုမှာ. . . ဟိုမှာ "

မောင့်ကို ပြူတင်းပေါက်ရှိရာသို့ အတင်းဆွဲကာ ခေါ်လာခဲ့လိုက်သည်။ မောင်က ဝဿန်ပြရာ တစ်ဘက်ခြံဆီသို့ အူကြောင်ကြောင် အမူအယာဖြင့် ကြည့်ရှု၍. . .

" ဝါး. . "

" ဘာလဲကွာ. . . "

" ဘာမှလည်း မတွေ့ရပါလား. . . "

" အာ. . . ဟို ဟို မှာလေမောင်ရဲ့. . . အဲ"

ဝဿန် စိတ်မရှည်စွာနဲ့ တစ်ဘက်ခြံက မြင်ကွင်းကိုပြရင်းလှမ်းကြည့်မိလိုက်တော့. . . ကိုယ့်မျက်စိကိုပင် ကိုယ်မယုံကြည်နိုင်လောက်အောင်ဖြစ်သွား ရလေတော့သည်။

" ဟင်. . . "

" ဘယ်. . . ဘယ်လိုဖြစ်တာလဲ"

အစောပိုင်းက မြင်နေရသည့် မြင်ကွင်းနှင့်ကားက မျက်လှဲ့ပြလိုက်သမျိုး ပျောက်ချင်းမလှ ပျောက်၍နေလေပြီ။

ဝဿန် မနက်က မြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်ကာ အခုမြင်တွေ့လိုက်သည့် မြင်ကွင်းကိုပါ မောင့်အား ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တော့၏။

" တ. . . တကယ်ပြောတာပါ မောင်ရယ်။ ဒီကိစ္စဟာ ဘယ်လိုမှ မရိုးသားဘူး. . . "



www.burmeseclassic.com

www.burmeseclassic.com



ဝသန် စကားများကို နားထောင်အပြီး မောင်ကပြုံး၏။

" ကဲပါ. . . ဝသန်ရယ်. . . ဒီလိုဆိုလည်း မနက်ကျရင် မောင် စုံစမ်းကြည့်ပါ့မယ်။ အခုတော့ အိပ်တော့နော်. . . အခုတောင် ဘယ်အချိန်ရှိပြီလဲ မသိဘူး. . . "

နောက်ဆုံးတော့ မောင့် ပြုံးစစမျက်နှာပေးကို မကျေမနပ် နှင့်ပင် ဝသန်အိပ်ယာဝင်ခဲ့ရပြန်ပါတော့သည်။

နောက်မနက် မောင်ဆေးခန်းသွားသည့် အချိန်ကျတော့ ဝသန်ကိုယ်တိုင် ညကအဖြစ်ကို စုံစမ်းရန်စိတ်ကူးမိသည်။ ပထမဆုံး တစ်ဘက်ခြံ ဖုန်းနံပါတ်ကိုရှာဖွေ၍ ဆက်ကြည့်သည်။ ဖုန်းကိုင် ထည့်သူမရှိ. . .

" ဟုတ်ပါပြီ. . . တစ်ခုခုတော့ တစ်ခုခုပါပဲ. . . "

သူမ ပို၍ မရိုးမရွ ဖြစ်လာမိလေ၏။ ချက်ချင်း ထိုခြံဘက်သို့ သွားရောက်စုံစမ်းကြည့်ရှုရန် ဆုံးဖြတ်လိုက်မိတော့သည်။

" ဟုတ်တယ်. . . လူကိုယ်တိုင်သွားပြီး လေ့လာကြည့်တာ အကောင်းဆုံးပဲ။ ဒီတော့ အိမ်ထဲဝင်လို့ရအောင် ဘယ်လို လုပ်မလဲ. . . "

သူများခြံထဲသို့ သွားရောက်ရန်မှာ အကြောင်းပြချက်တစ်ခု ဖြင့် ရှိရပေမည်။ ချက်ချင်း အတွေးနည်းလမ်းတစ်ခုကို လက်ခနဲ ရ၏။ ထို့ကြောင့် ခြံထဲသို့ဆင်းကာ အလှဆုံးအကောင်းဆုံး များကို ရွေးချယ်၍ ခူးလိုက်တော့သည်။

ပန်းလက်ဆောင်ပေးဖို့ လာတာပေါ့။ အိမ်နီးချင်း မိတ်ဖွဲ့ ချင် လာတယ်ပေါ့. . .

ကောင်းလိုက်တဲ့အကြံ. . . ဝသန် ကိုယ့်အကြံစည် ကိုယ် ကျေနပ်စွာ ပြုံးလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်တော့ သပ်သပ်ရပ်ရပ်စည်းထားသည့် ပန်းစည်းကို ပွေ့ပိုက်၍ ဝသန်တစ်ဘက်ခြံဘက်သို့ ကူးခဲ့လိုက်တော့၏။

စေ့ရုံမျှသာ စေ့ထားသော ခြံတံခါးမှတဆင့် ဝသန်ပိတ်ထားသည့် တစ်ဘက်အိမ်. . . အိမ်တံခါးဝသို့ လွယ်လွယ်ကူကူ ရောက်ရှိလာသည်. . .

" အိမ်ရှင်တို့. . . "

" အိမ်ရှင်တို့. . . "

အိမ်တစ်အိမ်လုံးက တိတ်ဆိတ်ငြိမ်သက်၍ နေလေ၏။ ခန်းဆီးများ ချထားသည့် မှန်ပြူတင်းပေါက်များ၏ အတွင်းပိုင်းကို လှူရိပ်လှူယောင် တွေ့လိုတွေ့ငြား ဝသန်စောင်းမြှောင်းကြည့်လိုက်သည်။

ထိုစဉ် မြက်ခင်းအစပ်တစ်ခုဆီမှ အနီရောင်ကြိုးသိုင်းဒေါက်ဖိနပ်တစ်ဘက်ကို ဝသန်မြင်တွေ့လိုက်ရတော့သည်။

ချက်ချင်း လဲ့ရည်ဟူသော အမျိုးသမီးလေး၏ နောက်ဆုံးမြင်တွေ့လိုက်သော သဏ္ဌာန်နှင့်အသံကို ကြားယောင်မြင်မိလိုက်သည်။

" ဟုတ်. . . ဟုတ်တယ်. . . "

" သူ. . . သူ ကျွန်မကို သတ်တော့မှာ သေချာတယ်. . . "

ဝသန် အနီရောင်ဖိနပ်လေးတစ်ဘက်ကို ကောက်ယူ၍ ကြည့်လိုက်မိသည်။

" ဟုတ်ပါပြီ. . . ညက ကားနဲ့တင်သွားတဲ့ ရှည်မျော့မျော့ အထုပ်ကြီးဟာ. . . လဲ့ရည်ဆိုတဲ့ ကောင်မလေးရဲ့အလောင်း ပဲဖြစ်နိုင်တယ် "

ထိုစဉ်တွင်ပင်. . .



www.burmeseclassic.com

www.burmeseclassic.com



" ဟော့. . . မင်းဘယ်သူလဲ"

" ဘာကိစ္စနဲ့ ဝင်လာရတာလဲ. . . "

" အ မ လေး. . . "

ရုတ်တရက် အိမ်ပေါက်ဝမှ ထွက်ပေါ်လာသော အသံကြောင့် ဝသန် လန့်ဖျန့်၍သွားရတော့သည်။

ချက်ချင်း လဲ့ရည်ဆိုသည့် မိန်းကလေးကို ဆွဲခေါ်သွားခဲ့သည့် အမျိုးသားဖြစ်ကြောင်း ဝသန်မှတ်မိလိုက်သည်။ ဇာနီးကပ် မြင်တွေ့လိုက်ရမှ သူ့မျက်နှာက နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများဖြင့် ရုတ်စက်ကြမ်းတမ်းသည့် လူတစ်ယောက်ဖြစ်မှန်း သိသာနေ၏။

" ဟင်. . . "

" ရှင် "

" ရှင် "

" မင်း ဘယ်သူလဲ. . . ပြောလေ"

လေသံကလည်း ကြောက်မက်ဖွယ်ကောင်းလွန်းလှသည်။

" ဟို. . . ဟို ကျွန်မ ဟိုဘက်ခြံကပါ. . . "

" ဪ. . . "

" ဒါဖြင့် ဒေါက်တာနေထက်ဇော်ရဲ့ ဇနီးဆိုတာပေါ့. . . "

" ဆောရီးဂဲ "

" လာ အထဲကိုဝင်. . . ဒါပေမယ့် အိမ်ထဲမှာ ကျပ်တစ်ယောက်တည်းရှိတာဆိုတော့. . . "

" ဟို. . . နေ. . . နေပါစေ"

" ခြံထဲက ပန်းတွေလက်ဆောင်လာပို့တာပါ"

ဝသန် ကြောက်ကြောက်ဖြင့် လက်ထဲမှပန်းစည်းကို အတင်းထိုးပေးကာ ထွက်ခွာရန်ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .

သူက. . . ဝသန်လက်တစ်ဘက်၌ ဆွဲကိုင်ထားသည့် အနီရောင်ဒေါက်ဖိနပ်လေးကို မြင်သွားပြီး

" ဒါ. . . မင်းဖိနပ်လား. . . "

" ကိုယ့်ခြံထဲမှာ ရောက်နေတာကြာပြီ. . . ဟိုခွေးအဖြူကြီး ချီလာတာပေါ့။ အဲဒါလည်း မင်းတို့အိမ်က ခွေးပဲ မဟုတ်လား. . . " ဟု မေးမြန်းလာပြန်လေရာ

ဝသန် အမှားမှား အယွင်းယွင်းဖြင့်. . .

" ဟုတ်. . . ဟုတ်တယ် "

" ကျွန်မကို ခွင့်ပြုပါဦး " ဟု ပြောလိုက်မိပြန်၏။

ခြံထဲက မပြေးယုံခြေလှမ်းများဖြင့် ခပ်သုတ်သုတ်ထွက်လာခဲ့တော့ လက်ထဲမှ ဖိနပ်ကလည်းပါလာခဲ့သည်။

ခြံအပြင်ဘက်ရောက်မှ လက်ထဲတွင် ပါလာသည့် ဖိနပ်ကို သတိရကာ လွှင့်ပစ်လိုက်မိ၏။ ကြောက်စိတ်ကြောင့် တုန်ရင်မှုက မပြေသေး. . .

ထိုအခိုက်တွင်ပင်. . .

" ဟဲ့. . . ဟဲ့. . . အို. . . ရိန်းဂျား. . . အဲဒါ ငါ့ဖိနပ်မဟုတ်ဘူးဟဲ့. . . ဟာ. . . ဒီခွေးနှယ် "

ရုတ်တရက် ဘယ်ဆီကပေါ်လာမှန်းသိမိသော ရိန်းဂျားက ဝသန်လွှင့်ပစ်လိုက်သည့် ဒေါက်ဖိနပ်အနီလေးကို ကိုက်ချီကာ မိမိတို့ခြံထဲသို့ ပြေးဝင်သွားတော့သည်။ ဝသန် ရိန်းဂျားနောက်သို့ ပြေးလိုက်ပြီး ကြည့်လိုက်တော့

" ဝုတ်. . . "

" ဝုတ်. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဝေါင်း "

ရိန်းဂျားက ဖိနပ်နီလေးအား နောက်ဖေးရေကန်ရှိ သစ်သားသေတ္တာပေါ် အထိ ကိုက်ချီသွားပြီး ဖိနပ်ကိုချထားလျှက် ရေကန်အတွင်းသို့ ထူးခြားစွာ ထိုး၍ပေါင်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒီနေ့ မောင်အလုပ်နားသည့် တနင်္ဂနွေနေ့ဖြစ်သည်။ ခြံထဲရှိ ပန်းခင်းခုံတန်းလျားလေးပေါ်တွင် အပမ်းဖြေနားနေကြရင်းဖြင့် ဝဿန်က သူမသံသယရှိနေသည့် တစ်ဘက်ခြံမှ အကြောင်းအရာများကို စိတ်ပါလက်ပါပြောပြနေမိ၏။

သူမ သံသယကြီးစွာဖြင့် သည်းထိတ်ရင်ဖိုရှိနေသလောက် မောင်က ရယ်ကျဲကျဲလုပ်နေသဖြင့် ဝဿန်စိတ်ကလေး တိုလာသည်။

" ဘာလဲ. . . မောင်က ဝဿန် ရူးနေတယ်လို့ ထင်နေတယ် ပေါ့. . . ဟုတ်လား"

" ဟား. . . ဟား. . . ဟား. . . ဟား. . . ဝဿန်ရယ်"

" မောင်ကတော့ ဝဿန့်စိတ်တွေ ထွေထွေပြားပြားမဖြစ် စေချင်တာတော့ အမှန်ပဲ. . . ဘာပဲဖြစ်ဖြစ် မင်းလေးကို ဒီအတိုင်း တစ်ယောက်တည်း လွှတ်ထားလို့တော့ မဖြစ် တော့ဘူးကွ. . ."

" ဟွန်း. . . တစ်ယောက်တည်း လွှတ်ထားတော့ရော ဝဿန်က ဘာဖြစ်နေလို့လဲ. . . မောင်နော် စကားပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြော. . ."

" ကြည့်ပြီးပဲ ပြောနေတာပါပဲ မိန်းမရယ်. . . ဟဲ ဟဲ"

" မောင်ဇာ အချိန်ပြည့်ဆေးခန်းမှာပဲ အများဆုံးရှိနေတာ မဟုတ်လား။ ဒီတော့ အိမ်မှာအမြဲတမ်း တစ်ယောက်တည်း နေ ကျန်ခဲ့ရတဲ့ ဝဿန်အတွက် မသိစိတ်ထဲကနေ အထီး ကျန်ဆန်တဲ့ ခံစားမှုမျိုးတွေ ဖြစ်တတ်တယ်။ အများအားဖြင့် လူတစ်ယောက်အတွက် အားနေတဲ့ အချိန်များလာရင် စိတ်တွေကို ထွေပြားလာစေတယ် ဝဿန်ရဲ့. . ."

ဒီတစ်ခါတော့ မောင်ပြောတာ မှန်ပါသည်။ အားနေသော အချိန်များက စိတ်ဓါတ်များကို ထွေပြားစေသည်။ မောင့်အပါးတွင် ရှိနေလျှင် နွေးထွေးလုံခြုံမှု ရှိနေသလို ခံစားရလေ၏။

အခု ဝဿန် ဖြစ်နေသည့်. . .

ရေချိုးခန်းဝင်ခါနီးတိုင်း ကြက်သီးထတတ်တာ. . .

မိန်းကလေးတစ်ယောက်၏ အရိပ်အငွေ့ရှိသည်ဟု ထင်မှတ်မှားနေမိတာ. . .

ပြီးတော့. . .

အိမ်တံခါးတွေ အမှတ်မထင် ပွင့်နေ ပိတ်နေတတ်တဲ့ အရာတွေ. . . ပတ်ဝန်းကျင်မှာ တစ်စုံတစ်ယောက်ရှိနေ ချောင်းမြောင်းနေတတ်တယ်လို့ ခံစားမိတဲ့ အတွေးတွေ။ ရိုန်းဂျူးကြီး၏ ထူးခြားသော အမူအယာ ဟောင်သံတွေ. . .

ဒါတွေအားလုံးဟာ တစ်ယောက်တည်း မသိစိတ်က အထီးကျန်ဆန် စိတ်တွေထွေပြားပြီး တွေ့ကြုံနေရတဲ့ အရာတွေလား. . . နောက်ပြီးတော့ရော အခု တစ်ဘက်ခြံက သံသယဖြစ်စရာကောင်းတဲ့ အဖြစ်အပျက်တွေကရော. . .



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းဖြင့် အခုမှ ဝသန် တကယ်ရှူးချင်လာမိသည်။

ထိုအခိုက် မောင်က. . .

" ကဲပါလေ. . . ဝသန် ဒီအိမ်မှာနေရထိုင်ရတာ အဆင်မပြေဘူးဆိုရင် မောင့်ကိုပြော။ မောင်ဘာလုပ်ပေးရမလဲ။

ဝသန် ဘယ်လိုစီစဉ်ချင်သလဲ. . . " ဟု မေးလာပြန်တော့ ဒီအိမ်ကလေးကိုလည်း တွယ်တာစိတ်က အမြစ်တွယ်နေပြီးဖြစ်တဲ့ အပြင် မေမေ့စကားများကို အမှတ်ရလိုက်မိပြီး. . .

" ဝသန်. . . ဘာမှ မဖြစ်ပါဘူး. . . တစ်ခုပဲ ဟိုတစ်ခါ မေမေပြောသလို အိမ်မှာ အိမ်တက်ပရိတ်ကလေးလုပ်ရအောင် မောင်. . .၊ မောင်လက်ခံသည်ဖြစ်စေ မခံသည်ဖြစ်စေ. . . မိရိုးဖလာတော့ လုပ်သင့်တယ် မောင်. . . "

အချက်ကျ အံဝင်ခွင်ကျပြောလိုက်သည့် ဝသန်စကားကြောင့် မောင် ပင့်သက်တစ်ချက်ရှိုက်သွားသည်။ နှစ်လိုကျေနပ်ဟန် မပြသော်လည်း နောက်ဆုံး၌မူ. . .

" ကဲ. . . ကဲ. . . ဝသန် သဘောပဲ၊ ကိုယ်ကတော့ အလှူအတန်းဒါနဆိုတာကို ဘာအကန့်မှမပါဘဲ စိတ်ရှင်းရှင်းနဲ့ပဲ လုပ်ချင်တယ်. . . "

" ကဲပါလေ. . . အဓိက ဝသန် ကျေနပ်ရင်ပြီးတာပါပဲ" ဟု ပြော၏။

သို့ဖြင့် မောင်နှင့်သည့် နောက်တစ်ပတ်မှာပင် ဝသန်တို့ မဲကလေး၌ ပရိတ်တရားနာဆွမ်းကပ်ပွဲလေး တစ်ခုပြုလုပ်ဖြစ်တော့သည်။ အနီးအပါး အိမ်နီးချင်းများနှင့် မောင့်မိတ်ဆွေ ဝသန်မိတ်ဆွေအနည်းအပါးဖြင့် အကျဉ်းမျှလောက်သာဖြစ်၏။ ပင့်ထားသည့် သံဃာ(၅)ပါးထဲမှ ဆရာတော်က ပရိတ်တရားအဆုံး၌ ပေတ



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတော်လာ တိရောကုဋ္ဋပေတဝတ္ထုကို ဟောကြားတော်မူခဲ့လေသည်။

ဝတ္ထု၏အကျဉ်းမှာ. . .

ကိုးဆယ်နှစ်ကမ္ဘာထက် မှသာဘုရားရှင်၏လက်ထက်တော်၌ ဇယသေနမည်သော မင်းကြီးသည် ရတနာ(၃)ပါးအား လက်ဝါးကြီးအုပ်၍ မည်သို့သောလူကိုမှ ဖူးမျှော်ကြည်ညိုခွင့်မပြုဘဲ နေခဲ့လေ၏။

တစ်ခါသော်. . .

တိုင်းပြည်ရန်ကိုချေမှုန်းပြီး စစ်အောင်လာခဲ့သော သားတော်(၃)ပါးအား မင်းကြီးက လိုရာဆုကိုတောင်းကြရန် ခွင့်ပြုတော်မူခဲ့လေ၏။

ထိုအခါ သားတော်များက အခြားသောဆုကို မတောင်းဘဲ ရတနာ(၃)ပါးကိုသာလျှင် ဆည်းကပ်ပြုစုခွင့် ဆုကို တောင်းသည်ဖြစ်၍ ဇယသေနမင်းကြီးမှာ ဂတိအတိုင်းခွင့်ပြုတော်မူရလေတော့၏။

သားတော်တို့လည်း ခမည်းတော်၏ခွင့်ပြုချက်ရသည်နှင့် အခြွေအရံတို့နှင့်တကွ တစ်ဝါတွင်းလုံး သစ်ခေါက်ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကာ ဥပုသ်ရက်ရှည် စောင့်တည်ကြကုန်၏။

ထိုသို့သောအခါ ဇနပုဒ်နေ အကျိုးဆောင်ချုပ်သည် တစ်သောင်းကျော်မျှရှိသော လူတို့နှင့်အတူ ဘုရားရှင်အမှူးရှိသော သံဃာတော်များနှင့် မင်းသားများအတွက် သက်နီးရိက္ခာအဝဝကို တာဝန်ယူရသည်ရှိသော်. . . ၄င်းတို့ထဲမှ . . . ဇနပုဒ်နေလူများက အလှူဒါနကို နှောင့်ယှက်ဖျက်ဆီးခဲ့ကြလေ၏။ သံဃာတော်များအတွက် လှူဘွယ်ဝတ္ထုများကိုပင် အလေးမထားဘဲ စားဦးကိုပင်နှိုက်၍ စားခဲ့ကြလေရာ နောင်သေလွန်သည့်အခါ ကောင်းသူတို့မှာ နတ်ဘုံသို့လား၍ မကောင်းသော ဇနပုဒ်သားတို့မှာမူ ငရဲသို့ ကျရောက်ကုန်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုမှ ငရဲမှ လွတ်လျှင် ပြိတ္တာဘုံဘဝသို့ ရောက်ကြရပြန်လေကာ ဆာလောင်မွတ်သိပ်ခြင်းဒုက္ခကို ကြီးစွာခံစားကြရသဖြင့် မည်သည့်အခါများကျမှ စားသောက်ရမည့်အကြောင်း ကဿပဘုရားရှင်ထံ မေးလျှောက်ကြလေကုန်၏။

ထိုအခါ ကဿပဘုရားရှင်က. . .

“ နောင်ပွင့်လတ္တံ့သော ငါ၏ ညီတော် ဂေါတမဘုရားရှင် လက်ထက်တွင်မှ သင်တို့၏ ဆွေမျိုးဗိမ္ဗိသာရအမည်ရှိ မင်း အလှူပေး အမျှဝေမှ စားသောက်နိုင်ကြအံ့” ဟု မြွက်ကြား တော်မူခဲ့လေ၏။ ထို့ကြောင့် ပြိတ္တာတို့သည် နောင်ဂေါတမဘုရားရှင် ပွင့်မည်ကာလပတ်လုံး ကြီးစွာသောဒုက္ခကိုခံစားရင်းဖြင့် ကာလရှည်ကြာစွာ စောင့်နေခဲ့ကြလေသော်. . . ဘုရားရှင်ပွင့်တော်မူ၍ ဗိမ္ဗိသာရမင်းကြီးလက်ထက်၌ မင်းကြီးအလှူဒါနပြု၍ အမျှဝေမည့် အချိန်ကို စိတ်ထက်သန်စွာ စောင့်မျှော်နေကြလေတော့၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးကား အလှူပင်လှူသော်ငြားသော်လည်း အမျှဝေရန်မူ လစ်ဟင်းခဲ့သဖြင့် အာသာရမွက်ပြင်းပြလျက် အချိန်ကြာမြင့်စွာ စောင့်မျှော်နေခဲ့ကြရသော ဘုတ်ပြိတ္တာတို့မှာ မစားရမသောက်ရဘဲ ရှိရပြန်ချေတော့၏။

ထို့ကြောင့် ညရောက်သောအခါ မင်းကြီးအား ကြောက်လန့်ဖွယ်အသံဆိုးများပေး၍ အော်ဟစ်ဆူပူသတိပေးကြလေတော့၏။

မင်းကြီးလည်း နံနက်လင်းလေလျှင် ထိတ်လန့်ခြင်းကြီးစွာဖြစ်၍ ဘုရားရှင်ထံပါး ချဉ်းကပ်၍ အကြောင်းချင်းရာကို လျှောက်ထားမေးမြန်းခဲ့လေ၏။

ထိုအခါမှ ဘုရားရှင်က. . . နောင်တော် ကဿပဘုရား လက်ထက်မှသည် မင်းကြီး၏ အလှူဒါနအမျှပေးဝေမည်ကို ရှည်ကြာ



www.burmeseclassic.com

www.burmeseclassic.com



စွာ စောင့်မျှော်နေကြသည့် ဘုတ်ပြိတ္တာတို့အကြောင်းကို အဖြစ်စုံ ပြော်တော်မူခဲ့လေ၏။ မင်းကြီးလည်း အကြောင်းစုံကိုသိရလေလျှင် ချက်ချင်းမဆိုင်း အလှူသစ်တို့ကိုစီရင်၍ ဆွေမျိုးပြိတ္တာတို့အား အမျှ ပေးဝေလေလျှင် အသီးသီးအမျှရကြ၍ မြင့်မြတ်သောဘုံများ၌ ခံစား ကြရလေကုန်တော့၏။

တိရောကဋ္ဋပေတ ဝတ္ထုတော်မှာ ဤအတိုင်းဖြစ်၏။ ဝသာန် လည်း တွေ့ကြုံဖူးခဲ့သော အမျိုးသမီးကို စိတ်ထဲမှရည်မှန်း၍ အမျှ ပေးဝေခဲ့သေးလေ၏။

သံဃာတော်များကို ဆွမ်းကပ်ပြီး ပြန်လည်ကြွသွားကြပြီး နောက် ဖိတ်ထားသည့်ဧည့်သည်အချို့ ရောက်လာကြလေသည်။

ထိုအထဲ၌ တစ်ဘက်ခြံမှအမျိုးသား ပါလာသဖြင့် ဝသာန် ထိတ်ခနဲဖြစ်သွားရလေ၏။

ထိုစဉ်ထိုလူက အနီးသို့ရောက်လာလျှက်

" မဝသာန်မိုး ကျွန်တော့်ကိုတော့မှတ်မိပါတယ်နော်" ဟု နှုတ်ဆက်လာသဖြင့် သူမတုန်တုန်ရီရီဖြင့် ခေါင်းငြိမ့်ပြလိုက်ရသည်။

ထိုအခါမှ ထိုလူနံဘေးတွင်အမျိုးသမီးငယ်တစ်ဦးကပ်၍ပါ လာသည်ကိုပါ သတိထားလိုက်မိတော့၏။

ထိုစဉ်. . .

ကျွန်တော့်နာမည်က ကျော်ဇေယျလို့ခေါ်ပါတယ် ဒါက ကျွန်တော်နဲ့မကြာသေးခင်မှ လက်ထပ်လိုက်တဲ့ 'လှဲ့ရည်' ပါ. .

" ရှင်. . . . လှဲ့ရည်. . . "

လှဲ့ရည် ဟူသောမိန်းကလေးကို ဝသာန်အံ့သြစွာကြည့်လိုက် မိသည်။

ထိုစဉ် လှဲ့ရည်က. . .



www.burmeseclassic.com

www.burmeseclassic.com



"မမ ဝသန်မိုးက ကြင်နာတတ်နဲ့အသံလေးနဲ့လိုက်ဖက်အောင် သိပ်ပြီးလှတာပဲ. . . လဲ့ရည်အသံကိုတော့ မမမှတ်မိမှာပေါ့"

လဲ့ရည်ဟူသော မိန်းကလေးကို ဒီလိုပုံစံမျိုးဖြင့်တွေ့မြင်လိုက်ရသဖြင့် အံ့လည်းအံ့သြ ဝမ်းလည်းဝမ်းသာသွားရလေ၏။

"လဲ့ရည်ကို အခုလိုပုံစံနဲ့ပြန်တွေ့ပြီး ခင်မင်ရတာ. . . တကယ် ဝမ်းသာတယ်သိလား ဒါနဲ့. . ."

အချိန်တိုလေးအတွင်းသူမတို့ ခင်မင်သွားကြတော့သည်။ ကိုကျော်ဇေယျ အမျိုးသားဝိုင်းတွင်ရောက်နေခိုက် လဲ့ရည်အားသံသယဖြစ်နေမိသည့်အဖြစ်ကို ဖွင့်မေးမိလိုက်တော့. . .

"ဖြစ်ရမယ်. . အဲ့ဒီကိစ္စကဒီလို မမရဲ့"

လဲ့ရည်က သူမနှင့်ကိုကျော်ဇေယျတို့အကြောင်းကိုပြောပြလိုက်တော့သည်။

× × ×

ကျော်ဇေယျမှာ ဓာတုဗေဒနှင့်မဟာဘွဲ့တစ်ခုကိုရရှိထားသူတစ်ယောက်ဖြစ်၍ ရာဘာနှင့်ပတ်သက်သည့်ဖန်တီးမှုတစ်ခုကို ရှာဖွေ၍အပတ်တကုတ်လုပ်ကိုင်ရင်း ရာဘာနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ထောင်ရန်ကြံစည်ထားသူဖြစ်၏။

သို့အတွက် ရည်ရွယ်ချက်မပြည့်မှီသေးသည့်ကာလတွင် အနှောင်အဖွဲ့ကင်းရှင်းလိုသည်။

သို့သော် ခက်သည်ကသူ့တွင်ရည်းစားမကလင်မယားသည်းမကျသည့် အခြေအနေမျိုးရောက်နေသည့်ချစ်သူလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တရှိနေသည်။

သူလေး နာမည်က လဲ့ရည်. . .

လဲ့ရည်က နယ်မှကျောင်းလာတက်ရင်းဖြင့် ကျော်ဇေယျနှင့် ချစ်ကြိုက်ကာ. . . ကျော်ဇေယျတစ်ဦးတည်းအမြဲနေထိုင်သည့် တိုက်အိမ်ကြီးသို့ မကြာရောက်လာတတ်သည်။

လွတ်လပ်တိတ်ဆိတ်သောဝန်းကျင်က သူတို့နှစ်ဦးကိုအချစ်၏ အဆုံးစွန်သောနေရာဆီသို့ မကြာခဏဆွဲခေါ်သွားမြဲ. . .

" ကို. . . လဲ့ရည်ကိုတကယ်ချစ်တာပဲလား "

" ချစ်တာပေါ့ လဲ့ရည်ရယ်. . . ဒါပေမယ့် ကိုယ့်ရည်ရွယ်ချက်မအောင်မြင်သေးခင် ဘာမှမဖြစ်ဖို့တော့ လဲ့ရည်သတိထားပါကွယ် "

" စိတ်ချပါကိုရယ်. . . လဲ့ရည်လည်းအမြဲသတိထားနေပါတယ်. . . ဒါပေမယ့် ကိုကအရမ်းဆိုးလွန်းတယ် "

" ဟာကွာ. . လဲ့ရည်ကလည်း "

" ခစ်. . . ခစ်. . . "

နီမြန်းသွားသည့် ကျော်ဇေယျ၏မျက်နှာကိုကြည့်ပြီး လဲ့ရည်သဘောကျစွာရယ်မိသည်။

သို့သော် ထိုအပျော်လေးတွေမဆုံးမီမှာပင် လဲ့ရည်မှာလစဉ်သတိထားနေသည့်ကြားမှပြဿနာကပေါ်လာခဲ့တော့သည်။ ထိုအခါ သူမအဖို့အကြိမ်ကြိမ် သတိပေးထားသောချစ်သူအား ဖွင့်ပြောရအခက် မပြောရအခက်ဖြင့်တစ်ဦးတည်း ပဂိုဒေစမီးတောက်လောင်ရင်း ကျိတ်ကာငိုနေခဲ့ရလေတော့၏။

မပြောမဖြစ်တော့သည့်အဆုံးဖွင့်ပြောခဲ့ရသည့်အချိန်မှာ တော့ ကျော်ဇေယျ. . . ဒေါသအိုးတို့ပေါက်ကွဲတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



" ဟာကွာ. . . မင်းကိုငါအကြိမ်ကြိမ်အထပ်ထပ်အမြဲတမ်း သတိပေးနေရက်ကြားထဲက "

" အဟင့်. . လှဲ့. . . လှဲ့ ရည်လည်း. . . "

" တော်စမ်းကွာ. . . မင်းဟာငါ့ရည်ရွယ်ချက်အနာဂါတ်ကို ဖျက်ဆီးမယ့် မိန်းမ. . . "

" အဟင့် ကို. . . လှဲ့ရည်ကိုအဲဒီလောက်ထိမပြောပါနဲ့. . . ကို မကျေနပ်ရင်လှဲ့ရည်ကို သတ်ပစ်လိုက်. . . "

" အေး. . . သတ်မယ်. . မင်းကိုသတ်ပစ်ဖို့ပဲကောင်းတယ်"

" ကို. . . ကိုနော် "

ဒေါ်သကြီး စိတ်ဆိုးလွယ်တတ်သည့် ချစ်သူအကျင့်ကို သိနေသည့် လှဲ့ရည်. . . သူ့အပါးမှ ရှောင်ထွက်ပြေးရတော့သည်။

" ဟော့. . . ပြန်လာခဲ့စမ်း လှဲ့ရည်. . . "

" မင်းကို ငါ သတ်မယ်ကွ"

ကျော်ဇေယျ ဝူးဝူးဝါးဝါးအော်ဟစ်ရင်း လှဲ့ရည်ကိုလိုက်ကာ ရှာဖွေနေတော့သည်။

× × ×

" ခစ်. . . ခစ်. . . အဲဒါပါပဲ မမရဲ့"

" သူက. . . ဒေါသကြီးသလောက် စိတ်လည်းပြေလွယ်တယ် လေ. . . အခုစိတ်ပြေတော့လဲ လှဲ့ရည်ကိုလက်ထပ်လိုက် တာပဲ ကြည့်. . . "

" ဒါနဲ့. . . အဲဒီ့ညက ကားပေါ်တင်သွားတဲ့ အထုပ်ကြီး ကရော. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဘာ. . . အထုပ်ကြီးလဲ. . . "

" အော်. . . သိပြီ. . . "

" သူ့ စမ်းသပ်ခန်းထဲက ရာဘာစတွေကို ညဘက်တစ်ရက် ခြား နှစ်ရက်ခြား အမြဲသွားပစ်နေရတာ မမရဲ့. . . အဲဒါပဲ ဖြစ်လိမ့်မယ်. . . "

လဲ့ရည်၏စကားများကြောင့် အတန်ငယ် သံသယများပြေသွားရသော်လည်း ဝဿန်တစ်ခုကိုမူ မကျေနပ်နိုင်သေး. . .

ထို့ကြောင့် သေသေချာချာသိမ်းဆည်းထားခဲ့သော အနီရောင် ကြိုးသိုင်းဒေါက်မြင့်ဖိနပ်လေးတစ်ဘက်ကို သွား၍ ထုတ်ယူခဲ့လိုက်ပြီး. . .

" ဒီ. . . ဖိနပ်တစ်ဘက်ကရော လဲ့ရည့်ဖိနပ်ပဲလား"

လဲ့ရည်က အနီရောင်ဖိနပ်လေးကို အံ့ဩစွာကြည့်၍. . .

" ဟင့်အင်း. . . ဒါ လဲ့ရည့်ဖိနပ် မဟုတ်ဘူး. . . အနီရောင်ဆို လဲ့ရည်က သိပ်မုန်းတာ. . . "

ထိုအခိုက်တွင်ပင် သူမတို့အနီးသို့ မောင်ကရောက်ရှိလာလေတော့သည်။ ဝဿန့်လက်ထဲက အနီရောင်ဖိနပ်လေးကို မြင်လိုက်တော့. . .

" ဒါ. . . ဒါက ဘာလဲ. . . "

" ဩော်. . . ဟို ဘာမှ မဟုတ်ပါဘူး မောင်ရယ်. . . "

" ရိန်းဂျားချီလာလို့ ဒီက လဲ့ရည့်ဖိနပ်များဖြစ်နေမလားလို့၏ မေးကြည့်နေတာပါ. . . "

" ဟာ. . . ကွာ ပေးစမ်း အိမ်ထဲမှာ မင်္ဂလာမရှိကွာ. . . "

မောင်က ရုတ်တရက် ဝဿန့်လက်ထဲမှ ဖိနပ်ကလေးကို ဆွဲယူသွားသည်။ မောင်တစ်ခါမှ ဒီလို အမူအယာမကြမ်းတမ်းခဲ့ဖူး၍



www.burmeseclassic.com

www.burmeseclassic.com



ဝဿန်အုံ့ညြနေဆဲ လှဲရည်လည်း အနီးမှထလစ်သွားတော့၏။

မောင် ဖိနပ်လေးကို ဘယ်ဆီလွှင့်ပစ်လိုက်မှန်းပင် မသိတော့. .

ထိုနေ့ တစ်ညလုံး မောင်သည် ငူတူဝေါင်တောင်ဖြင့် ငြိမ်သက်လွန်းနေ၏။

" မောင် ဘာဖြစ်နေလဲဟင်. . . နေလို့မကောင်းလို့လား"

" ဟုတ်တယ်. . . ခေါင်းထဲမှာ အမှိုက်တွေရှုပ်နေသလိုပဲ ကိုယ်တစ်ယောက်တည်း တိတ်တိတ်ကလေးနေပါရစေ ဝဿန်ရယ်. . . "

ဘာမှအရေးမကြီးသော ဖိနပ်တစ်ဘက်လေးကိုစွဖြင့် မောင် ဒီလောက်အထိ စိတ်အနှောင့်အယှက်ဖြစ်နေတာကို ဝဿန် အုံ့ညြနေယုံမှအပ ဘာမှမတတ်နိုင်တော့။ ရုတ်တရက်ကြီး အပြောင်းလဲမြန်သွားသည့် မောင့်သူစိမ်းဆန်မှုအတွက်ကြောင့်မှု ဝဿန် မျက်ဝန်းအိမ်မှ မျက်ရည်စက်ကလေးတစ်ပွင့် ကြွေလွင့်၍သွားရပါလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မောင့်အမူအယာများကြောင့် အငိုစိတ်ကို ထိမ်းချုပ်ရင်း ယန်တစ်နေကုန် ဘာအလုပ်မှလုပ်ချင်စိတ်မရှိဘဲ ငေးငိုင်နေခဲ့ သည်။ ဘာမှ မဟုတ်သည့် ဖိနပ်လေးတစ်ဘက်ပြဿနာနှင့် မောင်ဒီလောက်အထိ အမူအယာများ ပြောင်းလဲသွားခြင်းအပေါ်၌ ည်း ဘယ်လိုမှ နားမလည်နိုင်အောင်ရှိရသည်။

ယခင်ဆို မောင်သည် အလုပ်မသွားခင်နှင့် အလုပ်ပြန်လာ ချိန်တိုင်း သူမအား ကလေးငယ်တစ်ယောက်လို ဂရုတစိုက်ရှိမြဲ. . . နွေးထွေးမြဲ. . .

ယခုတော့ မောင်သည် သူ့အနားကပ်သည်ကိုပင် မကြိုက် သည့် သူစိမ်းဆန်ဆန်အမူအယာတို့ဖြင့် အေးစက်စက်နိုင်လှသော ဥပက္ခာသမား တစ်ဦးဖြစ်၍ နေချေပြီ. . .

မောင့်ထံမှ အမြဲတမ်းနွေးထွေးသော အကြင်နာတို့ ရရှိနေ ရာမှ ယခုလိုရုတ်တရက်ကြီး သူစိမ်းဆန်ဆန်အေးစက်စက် ဥပက္ခာ များတို့ကို ရရှိလိုက်သောအခါ သူမ၏နှလုံးသားတို့သည် ဆစ်ဆစ် နာကျင်ကြေကွဲကာ အခံရခက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



မခံစားနိုင်တော့သည့်အဆုံး ဖေဖေ မေမေတို့အိမ်ပြန်ရန် စိတ်ကူးမိပြန်သော်လည်း လူကြီးတွေကို ပေးလောက်နိုင်သည့် အကြောင်းပြချက် မရှိပြန်သဖြင့် အခက်တွေ့ရပြန်သည်။

ဝဿန်တွေးရင်း ဝမ်းနည်းလာသဖြင့် ချုပ်တည်းစိတ်တို့ ပွင့်ထွက်ကာ အားပါးတရ ငိုပစ်မိလိုက်လေ၏။

ငိုရှိုက်ရင်းမှ မျက်လုံးတို့က မောင်နှင့်သူမတို့၏ မင်္ဂလာဦး စုံတွဲဓါတ်ပုံလေးထံ အကြည့်ရောက်သွားမိပြန်၏။

ထိုစဉ်ပင်. . . နံရံတွင်ချိတ်ဆွဲထားသည့် ဓါတ်ပုံမှန်ကားမှာ လေမတိုက် ဘာမတိုက်ဖြင့် အလိုအလျောက် ခါယမ်းလျှက်ပြုတ်ကျ သွားလေတော့၏။

" ခွမ်း "

" အမလေး. . . "

အံ့သြထိတ်လန့်ခြင်းများဖြင့် သူမသွားကြည့်လိုက်တော့ ဓါတ်ပုံမှန်ကားတစ်ခုလုံးက အစိတ်စိတ် အမွှာမွှာ. . .

ရုတ်တရက် ဝမ်းနည်းခြင်း ထိတ်လန့်ခြင်း စိုးရိမ်ခြင်း ဝေဒနာများက ရင်ကိုစောင့်တိုက်ကာ တဒိုးဒိုးမြည်ဟီး သွားတော့ သည်။

•

မောင့်အတွက် စိုးရိမ်ခြင်းများဖြင့် တယ်လီဖုန်းရှိရာသို့ သူမ ပြေးသွားမိလိုက်၏။

" ဟာ. . . ဟလို. . . "

" မောင်. . . မောင်လားဟင် "

" မောင်. . . မောင်ဘာမှ မဖြစ်ဘူးနော်. . . "

" ငါ. . . ဘာဖြစ်ရမှာလဲ ဝဿန်. . . မင်းဘာတွေဖြစ်နေ ပြန်ပြီလဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟို. . . ဟိုလေ"

" ဘာ. . . ဘာမှမ. . . မဖြစ်ပါဘူး မောင်ရယ်. . . မောင့်အတွက်စိုးရိမ်လို့ ဆက်. . . ဆက်ကြည့်တာပါ. . ."

" စိုးရိမ်လို့. . ."

" ဟို. . . ဟို ဘာမှ မဟုတ်တော့ပါဘူး မောင်ရယ်"

" ဟာ. . . မင်း. . . ကွာ"

တစ်ဘက်မှ မောင်ဒေါသသံဖြင့် ဖုန်းချလိုက်သံကြားလိုက်ရသော်လည်း ဝသန် စိတ်အေးသွားမိတော့သည်။

ထို့နောက် သူမ မှန်ကွဲများကို ရှင်းလင်းလိုက်လေ၏။ ထိုအချိန်တွင်ပင် အိမ်နောက်ဖေးဘက်ဆီမှ ရိန်းဂျား၏ စူးစူးဝါးဝါးဟောင်သံကို ကြားလိုက်ရပြန်တော့သည်။

ထူးခြားလွန်းသော ရိန်းဂျား၏ဟောင်သံကြောင့် သူမ မှန်ကွဲများကို အမြန်ရှင်းလင်းပြီး အိမ်နောက်ဖေးဘက်ဆီသို့ အပြေးအလွှား ထွက်ကြည့်ရပြန်၏။

" ရိန်းဂျား "

" ရိန်းဂျား "

ရိန်းဂျားက သူမအသံကိုပင် ဂရုမစိုက် ကန်ဘက်ဆီသာ ဆိုးဟောင်ရင်း တရွေ့ရွေ့တိုးသွားနေသည်။

စူးစမ်းလိုစိတ်က ရင်းအတွင်းရိုက်ခတ်လာကာ ရိန်းဂျားနောက်မှ အပြေးလိုက်မိသွားလေ၏။

" ဝုတ်. . . ဝုတ် "

" ဝုတ်. . . ဝုတ် "

" ဂ်"

" ရိန်းဂျား "



www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့. . . ဘာမြင်လို့လဲ "

ရိန်းဂျားက တံတားအစပ်မှနေ၍ ရေထဲကိုသာ စိုက်ကြည့်ကာ သည်းသည်းမည်းမည်း ဟောင်နေပြန်သည်။

" ဝုတ်. . . ဝုတ် "

" ဂဲ. . . ဂဲ"

" ဝုတ်. . . ဝုတ် "

သူ ရိန်းဂျားဘေးအထိ လျှောက်ကာ ကန်ရေပြင်ဆီသို့ ရင်ခုန်စွာ လိုက်ကြည့်မိလိုက်၏။

တစ်နေရာ၌ ရေအောက်မှ ပွက်တက်လာသော လေလုံးလေးများ ပလုံစီကာ တစ်နေရာတည်း၌ ဝဲဂယက်ငယ်တစ်ခုနှယ် လည်နေသည်ကို ဝသာန် အံ့ဩစွာ မြင်တွေ့လိုက်ရလေတော့သည်။

" ဒီ. . . ဒီ အောက်မှာ. . . ဘာရှိသလဲ. . . "

" ရိန်းဂျား ဘာကိုမြင်လို့ ဟောင်နေတာလဲ. . . "

အတွေးဖြင့် ရင်တစ်ခုလုံး လှုပ်ခတ်သွားစဉ်ပင် ရုတ်တရက် အာရုံထဲ၌ ဟိုအမျိုးသမီးကို ဖျတ်ခနဲ မြင်လိုက်မိတော့သည်။

" သူ. . . သူ. . . ဟင်"

" အား "

" ဝုန်း "

ကိုယ့်ကိုယ်ကို ဘာဖြစ်လိုက်မှန်းပင် မသိလိုက်တော့. . .

တစ်ကိုယ်လုံး အေးစက်သွားသော အသိကြောင့် ရေထဲသို့ ပြုတ်ကျသွားခြင်းဖြစ်ကြောင်း သိလိုက်သည်။

ထိတ်လန့်တကြား ရေအောက်တွင် ဆွဲလွဲရှန်းကန်မိ... ထိုအခိုက်တွင်ပင် ရေအောက်တစ်နေရာဆီမှ သွေးပျက်ဖွယ် ရုပ်ပျက် ဆင်းပျက်လူသေအလောင်းကြီး တစ်လောင်းနှင့် မျက်နှာချင်းဆိုင်မိ



www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ ဖြစ်၍သွားလေတော့သည်။

ထိတ်လန့်တကြား အော်ဟစ်ရန် ယောင်၍ပါးစပ်ဟလိုက်စဉ်မှာတော့ ပါးစပ်ထဲသို့ ရေတို့ ဒလဟောဝင်လာလျှက် မျက်လုံးများပြာဝေသွားတော့၏။ ထို့နောက် လူတစ်ကိုယ်လုံး ရေပေါ်သို့ ပြန်လည်မြောက်တက်သွားကာ. . .

" အား "

" ဝူး. . . "

" ဖူး. . . "

ရေပေါ်သို့ တစ်ချက်အပေါ် ဆွဲမိဆွဲရာ တံတားတိုင်ကိုကုတ်ဖဲ့ဖက်တွယ်ထားလိုက်တော့သည်။

ထိုစဉ်ပင်

" ဝုတ်. . . ဝုတ်"

" ဝုတ်. . . ဝုတ်"

" မ. . . မ"

" မ. . . မ"

တံတားပေါ်မှ စိုးရိမ်တကြီးပြေးလာကြသော ကိုကျော်ဇေယျနှင့် လဲ့ရည်တို့ လင်မယားကို တွေ့မြင်လိုက်ရကာ အားတက်သွားမိလေတော့၏။

ကျော်ဇေယျက. . . ဝသာန် ရှိရာသို့ အမြန်ခုန်ဆင်းလာသည်။

" ဝုန်း "

" မဝသာန်မိုး. . . ကျွန်. . . ကျွန်တော်ပါ။ အလိုက်သင့်ကလေးနေ. . . "

ကျော်ဇေယျ ဆွဲခေါ်ရာနောက်သို့ အလိုက်သင့်ပါသွား


www.burmeseclassic.com

www.burmeseclassic.com



မိလေ၏။

" မ. . . မကြောက်နဲ့ မဝသန်မိုး. . ."

" မမ. . ."

လဲ့ရည်က ကမ်းစပ်မှ ဆီး၍တွဲယူလိုက်သည်။

ကမ်းပေါ်သို့ရောက်သည်နှင့် လဲ့ရည်ကိုဖက်ကာ ဆောက်တည်ရာမဲ့ ငိုချလိုက်မိတော့သည်။

" ဘယ်လိုဖြစ်ရတာလဲ မမရယ်. . . လဲ့ရည်တို့ ရိန်းဂျား အသံကြားလို့ စိုးရိမ်တာနဲ့ လာကြည့်ကြတာ တော်သေးတာပေါ့"

" ဟုတ်တယ်. . ."

" ဒီတစ်ခါ ဒီကောင်ကြီးဟောင်သံက စူးစူးဝါးဝါးနဲ့ ထူးခြားနေလို့ တစ်ခုခုဖြစ်နေပြီလို့ ထင်တဲ့အတိုင်းပဲ. . ."

" ကျေး. . . ကျေးဇူးပါပဲရှင်. . ."

လဲ့ရည်တို့ကပင် သူမအား အိမ်ဆီသို့ တွဲခေါ်လာခဲ့ကြလေ၏။ ကျော်ဇေယျက မောင့်ဆီသို့ ဖုန်းဆက်ပေးမည်ဟု ဆိုလာတော့. . .

" နေ. . . နေပါစေ ကိုကျော်ဇေယျ"

" သူ. . . သူလည်း မကြာခင်ပြန်ရောက်တော့မှာပါ. ."

ဟု ငြင်းလိုက်ရလေသည်။

လင်မယားနှစ်ယောက်စလုံး ဝသန်ကို နွေးနွေးထွေးထွေး ပြုစုပေးပြီး ပြန်သွားကြတော့မှ. . .

" ဟင် "

လက်တွင် ပတ်မိနေသည့် အရာတစ်ခုကို ဝသန်သတိထား လိုက်မိတော့သည်။ ရွှေဆွဲကြိုးလေးတစ်ကုံးပါပေ။ လူတစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပေးထားသည့်အလား သေချာကျနစွာ ပတ်မိထားခြင်းကြောင့် လှဲရည်တို့လင်မယားပင် သတိမထားမိသွားကြခြင်းပင်ဖြစ်၏။

အံ့ဩစိတ်ဖြင့် ဆွဲကြိုးလေးကို ဖြုတ်ကြည့်မိလိုက်တော့ ဖန်စိဒီဇိုင်းဆွဲပြားလေး၌ (T.Z.A)ဟူသော စာလုံးလေးများကို တွေ့လိုက်ရလေသည်။

သူမ ရေအောက်ထဲတွင် ရုန်းကန်ရင်း ဒီဆွဲကြိုးလေးသည် ဘယ်လိုကဘယ်လို လက်ကိုပတ်မိခဲ့သည်မသိ။ ပြီးတော့ ထိတ်လန့်ဖွယ်မြင်တွေ့ခဲ့ရသော အလောင်းကြီးရော။ မှောင်နှင့်မည်းမည်းရေအောက်ထဲတွင် မိမိထိတ်လန့်တကြား မြင်မိမြင်ရာကို မြင်ခဲ့ရသည်လား တကယ့်အလောင်းကြီးလား. . . ဝဿန် ရေထဲ မကျမီ အာရုံထဲ၌ ဖျတ်ခနဲပေါ်လာသည့် အိပ်မက်ဆိုးအာရုံထဲမှ အမျိုးသမီးအကြောင်းကို တွေးလိုက်မိပြန်သောအခါမှု ကြက်သီးတို့ဖြန်းခနဲထ၍ သွားရပြန်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဝဿန် ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာအားလုံးတို့ကို မောင့်အား ဘာမှ မပြောပြတော့ဘဲ သိုဝှက်ထားနေခဲ့လိုက်သည်။

ယခုတော့ မောင့်အမူအယာ ပြောင်းလဲသွားခြင်းထက် လက်ထဲတွင်ရှိနေသည့် ဆွဲကြိုးလေးနှင့်ရေထဲမှ အလောင်းကြီး အကြောင်းသည်သာ ဝဿန်အာရုံတို့ကို လွှမ်းမိုးထားတော့၏။ သူမသာ ဂယောင်ချောက်ချား မဟုတ်ဘဲ ရေအောက်ထဲ၌ အမှန်တကယ်သာ အလောင်းကြီးကို တွေ့မြင်ခဲ့ရခြင်းဖြစ်လျှင် ဤဆွဲကြိုးလေးသည် အလောင်းကြီးနှင့်ဆက်နွယ်နေရမည်။ အလောင်းကြီး၏ ဆွဲကြိုးလေးပင်ဖြစ်နိုင်ပေ၏။

ဒီလိုဆို. . .

T.Z.A ဟူသော စာလုံးသုံးလုံးသည်လည်း အလောင်းကြီး၏ နာမည်အတိုကောက် ဖြစ်နိုင်ပေသည်။ ပြီးတော့ အနီးကပ်မြင်တွေ့ခဲ့ရသော အလောင်းကြီး၌ ဝတ်ဝဲနေသည့် ဆံပင်ရှည်ကြီးများကို မြင်တွေ့ခဲ့ရသဖြင့်လည်း အမျိုးသမီးတစ်ယောက်သာ ဖြစ်နိုင်သည်။

သို့ဆိုမူ. . .



www.burmeseclassic.com

www.burmeseclassic.com



ရေထဲမကျမီ ရုတ်တရက်ထင်လိုက်သော အာရုံနှင့် ရေထဲက အမျိုးသမီးအလောင်းကြီးတို့သည်. . .

ဝဿန်တွေးရင်းဖြင့် ရင်တို့တဒိတ်ဒိတ် အခုန်မြန်လာရလေတော့၏။ တိုက်ဆိုင်သည်ဟု ဆိုရမည်လား. . . ဝဿန်ဘာရယ်မဟုတ် မနေ့ကကျကွဲသွားခဲ့သော ဓါတ်ပုံမှန်ဘောင်မှ အောက်ခံသတင်းစာစက္ကူပိုင်းကလေးကို အမိပွါယ်မဲ့ လျှောက်ဖတ်ကြည့်နေမိစဉ်မှာပင်. . .

" ဟင် "

လူပျောက်ကြော်ငြာလေးတစ်ခုက ဝဿန်စိတ်ကို လှုပ်ရှားသွားစေတော့သည်။

သမီး သဥ္ဇာအောင် ရောက်ရာအရပ်က အမြန်ပြန်လာပါ။

မေမေ...ဒေါ်မေရီ

PH (. . . . . .)

လူပျောက်ကြော်ငြာလေးကိုဖတ်ပြီး ဝဿန့်ခေါင်းထဲ၌ ဆွဲကြိုးလေးမှ (T.Z.A)ဟူသော စာလုံးလေးကို တန်းခနဲမြင်ယောင်မိလိုက်သည်။

T.Z.A . . . သဥ္ဇာအောင်

ရှုံးသွပ်သည်ပဲ ပြောပြော ဟုတ်သည်ရှိ မဟုတ်သည်ရှိ ဝဿန်ကြော်ငြာပါ တယ်လီဖုန်းနံပါတ်ကို ဆက်သွယ်ကြည့်လိုက်တော့သည်။

" ဟယ်လို. . . ဒေါ်မေရီပါလားရှင်. . . "

" ဟုတ်ကဲ့. . . သဥ္ဇာအောင်နဲ့ပတ်သက်လို့ သိချင်တာလေး ရှိလို့ပါ. . . "



www.burmeseclassic.com

www.burmeseclassic.com



" ရှင် "

" သူပြန်မလာတာ ၃လ ကျော်ပြီ ဟုတ်လား. . . "

" ဟုတ်. . . ဟုတ်ကဲ့ "

" ဟို အန်တီလိပ်စာလေးကို တဆိတ်လောက် အတိအကျ သိပါရစေရှင်"

တစ်ဘက်မှ ပြောလာသည့်လိပ်စာကို ဝဿန် တုန်ရင်နေသော လက်များဖြင့် လိုက်လံရေးမှတ်လိုက်သည်။

" ဟုတ်ကဲ့. . . ကျေး. . . ကျေးဇူးပါပဲရှင်"

တစ်ဘက်မှ ဖုန်းချသွားတော့ ဝဿန် ဆုံးဖြတ်ချက်တစ်ခုကို လျှင်မြန်စွာ ချလိုက်တော့သည်။

ရုတ်တရက်ကြီးရောက်လာသည့် သူမကို ဖူးစုံအံ့ဩသွားဟန် ရှိသည်။

" ဟယ်. . . ဝဿန်"

" နင် ဘယ်ကနေ ဘယ်လို. . . "

" မေးမနေနဲ့ဟာ. . . နင့်ကိုလာခေါ်တာ. . . နင် အခုအား တယ်မဟုတ်လား. . . ငါနဲ့ ခဏလိုက်ခဲ့စမ်းပါဟာ. . . "

အလောတကြီးနိုင်လှသော သူမစကားကြောင့် ဖူးစုံမျက်လုံး လေးဝိုင်းသွားသည်။

" ဟင်. . . နင်. . . နင်တို့ ဘာဖြစ်ကြပြန်ပြီလဲ။ ငါကရော ဘယ်ကိုလိုက်ရမှာလဲ. . . "

" ငါတို့ ဘာမှ မဖြစ်ဘူး။ ကဲ နောက်မှမေးဟာ။ ငါနဲ့ မြန် မြန်လိုက်ခဲ့စမ်းပါ။ အရေးသိပ်ကြီးနေလို့ "

ဝဿန်နောက်သို့ ဖူးစုံ ဘာမသိဘာမသိဖြင့် ပါလာရ တော့ သည်။ သူမ တက္ကစီကားတစ်စီးကိုငှား၍ လိပ်စာပါအိမ်ကို မောင်းခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့၏။

ရောက်ဖူးခြင်းမရှိခဲ့သော ဆင်ခြေဖုံးရပ်ကွက်သစ်ကလေးတို ကြည့်၍ ဖူးစုံအံ့ဩနေသည်။

" ဝသန် နင်. . . ဘာတွေလျှောက်လုပ်နေတာလဲ"

ပြောရလျှင် ဝသန်ကိုယ်တိုင်လည်း ရင်တွေပင် တဒိတ်ဒိတ်ခုန်နေမိလေ၏။ ဖူးစုံမေးသည်ကို မဖြေသေးဘဲ. . . တက္ကစီသမားမောင်းနေသည့် ရပ်ကွက်လမ်း ကလေးရှိ မြင်ကွင်းများကိုသာငေးကြည့်နေမိသည်။

သပ်သပ်ရပ်ရပ်ဆောက်လုပ်ထားသည့် ပျဉ်ထောင်သွပ်မိုးအိမ်လေးတစ်လုံးရှေ့အရောက်၌မှ တက္ကစီမောင်းသမားက ကားကိုရပ်၍ဆို၏။

" အမေလေး. . . လိပ်စာအတိုင်းဆို ဒီအိမ်ပဲ. . . အိမ်နံပါတ် (၉၈၂) ချယ်ရီလမ်းနော်"

ဝသန် တက္ကစီခကျသင့်ငွေကို ထုတ်ရှင်းပေးလိုက်သည်။ တက္ကစီကားပြန်လည်ထွက်ခွာသွားတော့

" ဝသန်. . . နင်လုပ်နေတာတွေကို ငါ နားတောင်မလည်တော့ဘူး. . . ဒီ. . . ဒီအိမ်က ဘယ်သူ့အိမ်လဲ ဟင်"

" ရှူး. . . ငါလည်း အခုမှ ရောက်ဖူးတာ. . . ပြီးမှငါရှင်းပြမယ်. . . လာ. . . "

နှစ်ယောက်သား ပိတ်ထားသည့် သံဇကာတပ်သစ်သားတံခါးလေးမှနေ၍ အိမ်ထဲသို့ လှမ်း၍ အကဲခတ်လိုက်မိကြသည်။

" အိမ်ရှင်တို့. . . "

" အိမ်ရှင်တို့. . . "

ဝသန်အသံကြောင့် အိမ်ထဲမှ အသက်လေးဆယ်ကျော်ခန့်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးတစ်ဦး ထွက်ကြည့်လာသည်။ ဒေါ်မေရီဆိုသူ အန်တီကြီးပင် ဖြစ်လိမ့်မည်ဟု ဝသာန်တွေးလိုက်မိလျှက်

" ဒေါ်မေရီဆိုတာ အန်တီလား ဟင်"

အမျိုးသမီးကြီးက ဝသာန်နှင့်ဖူးစုံတို့နှစ်ဦးကို အံ့ဩဟန်ဖြင့် အကဲခတ်၍

" ဟုတ်ပါတယ်ကွယ်. . . ဒါနဲ့ သမီးတို့က. . ."

" ကျွန်မ မနက်က အန်တီဆီ ဖုန်းဆက်ခဲ့တဲ့ ဝသာန်မိုး ပါ အန်တီ"

" ဪ. . . အေး. . . အေးကွယ်. . . လာကြလာကြ။ သမီးလေး သဉ္ဇာအောင်အတွက်ဆိုတော့ အန်တီလည်း သမီးကို မျှော်နေတာ"

ယခင်က ခေါတ်ဆန်ဆန်နေထိုင်ခဲ့ဟန်တူသည့် အမျိုးသမီးကြီး၏မျက်နှာမှာ သောကရိပ်တို့ စွန်းထင်နေကြောင်း ဝသာန် ကောင်းကောင်းအကဲခတ်မိလေ၏။

ဒေါ်မေရီ ထုတ်ပြသည့် ဓါတ်ပုံများကို မြင်လိုက်ရချိန်မှာတော့ ဝသာန် တစ်ကိုယ်လုံး ဦးစိုက်ဂျွန်းပြန်ဖြစ်သွားသကဲ့သို့ပင် ထင်လိုက်ရမိတော့သည်။ သူမမျက်လုံးများထဲ၌ သဉ္ဇာအောင်ဟူသည့် မိန်းကလေး၏ မျက်နှာကို မြင်လိုက်စဉ်ပင် အိပ်မက်ဆိုးအာရုံနိမိတ်ထဲမှ ပုံရိပ်ရှင် အမျိုးသမီးဖြစ်ကြောင်း စိတ်ထဲမှ အလိုလိုသိလိုက်မိ၏။

" အမှန်ကတော့. . . အန်တီ့အနေနဲ့ သူ. . . ဘွဲ့လေး တစ်ခု ခုရပြီးရင် သူ့ဆန္ဒအတိုင်း ဘာပဲလုပ်လုပ် ခွင့်ပြုမှာပါကွယ် အဟင့်. . . အင့်. . . ခုတော့. . . "

အမျိုးသမီးကြီးကပြောရင်း ဝမ်းနည်းလာဟန်ဖြင့် ငိုချက် ရှိုက်ငိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို သဗ္ဗာအောင် ပျောက်နေတာ (၃)လကျော်လောက် ရှိပြီပေါ့နော် အန်တီ. . . "

" ဟုတ်. . . ဟုတ်ပါတယ်ကွယ်။ သူနောက်ဆုံးထွက်သွားတဲ့နေ့က ဝတ်စားသွားတဲ့ပုံစံလေးကို အန်တီဖြင့် မျက်လုံးထဲကတောင် မထွက်ဘူး. . . အင့်. . . "

ဒေါ်မေရီဆိုသူ အမျိုးသမီး၏စကားကြောင့် ဝသန်ခေါင်း၌ အတွေးတစ်ခု ဖျတ်ခနဲလက်ဖြာသွားရလေသည်။

" ဟင် ဒါဆို သူထွက်သွားတဲ့နေ့က ဘာတွေဝတ်စားသွားခဲ့တယ်ဆိုတာကို အယ်တီ မှတ်မိတယ်ပေါ့ "

" အို. . . မှတ်မိတာပေါ့ကွယ်။ သမီးလေးက အနီရောင်ဆို အရမ်းကြိုက်တာ အဲဒီနေ့က ဝတ်သွားတာလည်း အနီရောင် ဖန်စီဒီဇိုင်း ဝတ်စုံလေးကွဲ့. . . သမီးလေးနဲ့ တအားလိုက်တာ. . . "

" . . . အနီရောင်. . . "

သူမအသိထဲ၌ အနီရောင်ကြိုးသိုင်း ဒေါက်ဖိနပ်လေး ဘက်က ချက်ချင်းဝင်ရောက်၍ လာပြန်သည်။

" ဒါ. . . ဒါဆို. . . ဖိနပ်ကလည်း. . . "

" ဖိနပ်ကလည်း အနီရောင်ပေါ့ကွယ်. . . "

" ဟို. . . ဟို ကြိုးသိုင်း ဒေါက်ဖိနပ်လေးများလားဟင် "

" ဟုတ်ပါတယ်ကွယ်။ သမီးက အပြင်ထွက်ရင် ဘယ်တော့မှ ဖိနပ်ပါးစီးလေ့ မရှိဘူး. . . ဟော ဟို ဒေါက်ဖိနပ်တွေဟာ သူ့ဖိနပ်တွေပေါ့ "

ဖိနပ်စင်ကို ဒေါ်မေရီက လှမ်းပြသည်။ တန်ဘိုးကြီးဖိနပ်များကို ဝသန်မြင်တွေ့လိုက်ရလေ၏။ အများဆုံးက ဒီဇိုင်းစုံ



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ဖိနပ်များဖြစ်၍ နေလေသည်. . .

တဒိန်းဒိန်းရင်ခုန်လာလျှက် သူမ အရေးကြီးဆုံးမေးခွန်း တစ်ခုကို နောက်ဆုံးမေးကြည့်လိုက်ပြန်၏။

" ဒါနဲ့. . . အန်တီ. . . သဉ္ဇာအောင်မှာ အဖိုးတန်အခြား ဘာပစ္စည်းတွေများ ဝတ်သွားသေးလဲဟင်. . ."

" အင်း. . . အဖိုးတန်အခြားပစ္စည်းဆိုတော့ လက်ဝတ် လက်စားကို မေးတာလားကွဲ့. . . သူက လက်ဝတ်လက်စား ဝတ်တာမျိုးကျတော့ ဝါသနာမပါဘူးကွဲ့။ မအေက ဆင်တာ တောင် သူမဝတ်ဘူး။ အခု ခေတ်က ရွှေဝတ်ရင် တောကျ သတဲ့လေ။ သူအများဆုံးဝတ်တာလည်း ဖန်စီဒီဇိုင်းတွေပဲ။ အဲ. . . ဒါပေမယ့် သူ့ သူငယ်ချင်းတစ်ယောက်ဆိုလား အသိတစ်ယောက်ဆိုလား. . . သူ့မွေးနေ့မှာ လက်ဆောင် ပေးထားတဲ့ ရွှေဆွဲကြိုးလေးတစ်ခုကိုတော့ဖြင့် သူ အမြဲ တမ်း ဝတ်တယ်ကွဲ့. . . နေဦး"

ဒေါ်မေရီက အယ်လ်ဘန်ထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ပြ လိုက်သည်။

" ဟော့. . . ဟော့ဒီ ဆွဲကြိုးလေးဟာပေါ့ကွယ်"

အနီးကပ် မျက်နှာကိုယ်တစ်ပိုင်းပုံရိုက်ထားသည့် ဓါတ်ပုံ ထဲ၌ သဉ္ဇာအောင်လည်ပင်းမှ ဆွဲကြိုးလေးက အထင်အရှား. . .

ဝသာန်လက်ထဲရောက်နေသည့် ဆွဲပြားတွင် (T.Z.A)စာလုံး လေးများ ရေးထွင်းထားသည့် ဆွဲကြိုးလေးပါပေ။

" ဟုတ်ပါပြီ. . . ဒီဆွဲကြိုးမှ ဒီဆွဲကြိုးပါပဲ"

ဝသာန် အဖြစ်မှန်ကို ဒေါ်မေရီအား မည်သို့ရှင်းပြရပါ တော့ မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



သင့်တော်ယုံမျှ ပြောဆိုခဲ့ပြီး အပြန်လမ်းတစ်လျှောက်၌မူ စသန်ရင်ထဲ၌ အတွေးမေးခွန်းများဖြင့် ပူလောင်နေတော့လေပြီ. . .

အနီရောင်　　ဖိနပ်တစ်ဘက်. . .

T.Z.A စာလုံးပါ　ဆွဲကြိုး. . .

ပျောက်နေသည့်　သဋ္ဌာအောင်. . .

ရေအောက်ထဲမှ　အလောင်း. . .

ဖိနပ်တစ်ဘက်အတွက် အမှုမယာပျက်နေသည့် မောင်. . .

သူမ. . . ဆုံးဖြတ်ချက်တစ်ခုကို ဆက်ကာ ချလိုက်မိပြန်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူမ၏ မေးခွန်းများကြောင့် ဒေါက်တာသန့်ဇင် အံ့အားသင့်ဟန်ဖြစ်သွားလေသည်။

" ကျွန်တော်က ဒီအကြောင်းတွေကို မဝဿန်မိုး သိပြီးခဲ့ပြီလို့ ထင်နေတာ။ ဒါပေမယ့် မဝဿန်မိုးအပေါ်မှာတော့ နေထက်ဇော်ဟာ တကယ်ချစ်ခဲ့တာပါဗျာ။ ဒါကိုတော့ ယုံပါ။ တကယ်တော့ အဲဒီ 'သဉ္ဇာအောင်' ဆိုတဲ့ မိန်းကလေးကို. . . "

မောင့်သူငယ်ချင်း ဒေါက်တာသန့်ဇင်၏ စကားများက တသွင်သွင်စီးကျနေသော စမ်းချောင်းတစ်ခု၏ ရေအလျင်တစ်ခုအလား ဝဿန့်နားစည်အတွင်းသို့ တစိမ့်စိမ့် ရိုက်ခတ်နေတော့သည်။

သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်ထွေး၏ နှုတ်ဆက်ပွဲမှအပြန် ဒေါက်တာသန့်ဇင်နှင့် ဒေါက်တာနေထက်ဇော်တို့ အူရှင်ကြသည်။ မသောက်စဖူး သူတို့အူရိုင်းများအတွင်း အယ်လ်ကိုဟောဓါတ်တို့ စိမ့်ဝင်ပြန့်နှံ့ခဲ့ခြင်းကြောင့်ပင်ဖြစ်၏။

" ဟော့. . . ကောင်. . . "



www.burmeseclassic.com

www.burmeseclassic.com



" နေထက်ဇော် မင်း ကားမောင်းလို့တော့ ဖြစ်တယ်နော်"

" ဟဲ. . . ဟဲ မဖြစ်ရင်ငါ့ကိုပြော . . . "

" အေးဆေးပဲ သူငယ်ချင်း. . . မင်းသာ တော်တော်ကြာ ဥသြဆွဲနေဦးမယ်. . . "

" ဘာလဲကွ ဥသြဆွဲတာ. . . "

" ဟဲ. . . ဟဲ အရက်မူပြီး အန်တာကိုပြောတာကွ. . . ငါလည်း အရက်သမားတွေ ပြောပြောနေတာကြားတာနဲ့ ပြောကြည့်တာ ဟဲ. . . ဟဲ"

" ခွေးကောင်. . . မသိရင် ဆရာကြီးလေသံနဲ့. . . "

" ဟား. . . ဟား. . . ဟား. . . ဟား"

နေထက်ဇော် ရယ်မောရင်း ကားကို အူမြူးစွာ မောင်းလာခဲ့လိုက်၏။ နံဘေးတွင် သန့်ဇင်ကလည်း သီချင်းတစ်ပုဒ်ကို ဖင်မတည့် ခေါင်းမတည့် ညည်း၍ လိုက်ပါလာခဲ့သည်။

တကယ်တော့လည်း ဆရာဝန်ဟူသည့် သူတို့ဘဝတွင် အခြားလူများထက် လွတ်လပ်ခွင့်နည်းပါးခဲ့ကြ၏။ ကျောင်းသားဘဝ တာ စာတွေဖြင့် နပမ်းလုံး၍ အချိန်မရခဲ့သလို. . . ကျောင်းပြီးဘွဲ့ရ၍ ဆရာဝန်ဟူသော ဂုဏ်ပုဒ်ရလာပြန်တော့လည်း သိက္ခာဆိုသော ထိန်းချုပ်မှုကြီးအောက်တွင် မလူးသာ မလွန့်သာ ဖြစ်ခဲ့ရပြန်ပါသည်။ ဘာပဲပြောပြော ဒီနေ့ညမှာတော့ နိုင်ငံခြားထွက်မည့် သူငယ်ချင်း အောင်ထွေး၏ နှုတ်ဆက်ဧည့်ခံပွဲတွင် စိတ်လွတ်ကိုယ်လွတ်ပျော်ခဲ့ လိုက်ကြသည်။

လမ်းကွေ့ရောက်လာ၍ နေထက်ဇော် ကားကို ချိုးကွေ့ရန် ဟန်အပြင်

ထိုစဉ်မှာပင်. . . နောက်ခန်းဘက်မှ အသံလေးတစ်ခုက်



www.burmeseclassic.com

www.burmeseclassic.com



စတင်ကြားလိုက်ကြရလေတော့သည်။

" ခဏ. . . ခဏ. . . "

" ကျွန်မကို ဒီအနားမှာ ချထားပေးကြပါရှင်. . . "

ဒေါက်တာ နေထက်ဇော် ရုတ်တရက်ကြားလိုက်ရသော နောက်ခန်းမှအသံကြောင့် ယောင်ရမ်းပြီး ဘရိတ်ကိုပင် နင်းလိုက်မိတော့သည်။

" . . . ကျွိ. . . "

" အို. . . အမေ့. . . "

" ဟာ. . . "

နောက်ခန်းဘက်ဆီမှ အရှိန်လွန်ကာ သူတို့နှစ်ယောက်ကြားသို့ ကျလာသည့် ကောင်မလေးတစ်ယောက်ကြောင့် နေထက်ဇော်ရော သန့်ဇင်ပါ ရထားခဲ့ကြသည့် အရှိန်ကလေးများ ပျောက်သွားကြရလေသည်။

" ဟင်. . . "

" မင်း. . . မင်း ဘယ်သူလဲ. . . ငါတို့ကားထဲကို ဘယ်လို လုပ်ရောက်နေတာလဲ. . . "

ကောင်မလေးကရှိလှမှ အသက်(၂၀)ကျော်ယုံမျှသာ ရှိပေမည်။ ဆိုးထားသော ဆံပင်အရောင်နှင့် ဝတ်ထားသောဒီဇိုင်းကိုမြင်ရယုံဖြင့် ခေတ်ရှေ့ပြေးနေသည့် မိန်းကလေးတစ်ယောက်ဖြစ်မှန်း သိသာ၏။

နေထက်ဇော်ကသာ အထိတ်တလန့်မေးနေသော်လည်း ကောင်မလေးပုံစံက ရယ်ကျဲကျဲ. . .

" ဟင်း. . . ဟင်း. . . ဘယ်လိုဖြစ်ရတာလဲ. . . သဥ္စာက ရှင်တို့ကို ကိုက်မစားပါဘူး။ ညှော်ခံပွဲမှာ ခေါင်းနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်တာနဲ့ တွေ့တဲ့ကားပေါ် တက်ထိုင်နေတာ. . . ဘယ်လိုက ဘယ်လိုမှေးခနဲအိပ်ပျော်သွားတယ် မသိဘူး။ အခုမှနိုးတာလေ. . . ဟဲ ဟဲ. . .”

“ ဟာကွာ. . . မင်းဥစ္စာ စည်းမရှိ ကမ်းမရှိ. . .”

“ ဟော့ကောင်. . . သန့်ဇင်. . . မင်းလည်း အတူတူပဲ ကားကို လော့ခ် သေသေချာချာမချခဲ့ဘူး. . . တော်သေးတာပေါ့ကွာ။ ကားသူခိုးတွေ ဘာတွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ”

“ ဒီမှာ. . . ဒီရပ်က ကားသခိုးရှပ်လားရှင့်”

“ ရှင်စကားပြောတာကို ဆင်ခြင်ပြီး ပြောပါ”

“ ဆောရီးကွာ. . . ကိုယ်ပြောတာ. . . အဲ. . . အခုလို မင်းဖြစ်နေလို့ တော်သေးတာလို့ ပြောတာပါ. . .”

“ ဒါဖြင့် အခုလို ကျွန်မ ရှင်တို့ကားပေါ်ရောက်နေတာကို စိတ်မဆိုးဘူးပေါ့. . .”

“ ဩော်. . . ဟုတ်ကဲ့. . .”

“ မ. . . မဆိုးပါဘူးဗျာ”

“ မဆိုးပါဘူး. . .”

“ ဟင်း. . . ဟင်း ဒါဖြင့် တစ်လက်စတည်းနဲ့ သဥ္ဇာကို လိုက်ပို့ပါလား. . .”

“ ဟဲ. . . ဟဲ နာမည်လေးက သဥ္ဇာတဲ့လား”

တစ်ချိန်လုံး ပါးစပ်အပြဲသားကြီးဖြင့် နားထောင်နေရာမှ သန့်ဇင်အသံကြီးက ထွက်လာသည်။

“ ဟင်း. . . ဟင်း နာမည်အပြည့်အစုံက သဥ္ဇာအောင်တဲ့ ဒီက အစ်ကိုကလည်း ဒေါက်တာနေထက်ဇော်ရဲ့ သူငယ်ချင်းပဲလား. . .”



www.burmeseclassic.com

www.burmeseclassic.com



" ဟင်. . . မင်း. . . ကိုယ့်နာမည်ကို ဘယ်လိုလုပ်သိနေတာ တုံး. . ."

" နာမည်ကြီး ဆေးခန်းကြီးတစ်ခုလုံး ဖွင့်ထားတာမသိဘဲ ရှိပါ့မလား. . ."

" ကဲ. . . သဥ္စာကို လိုက်ပို့မယ်မဟုတ်လား. . ."

" ဟား. . . လိုက်ပို့ရမှာပေါ့. . ."

" လိုက်ပို့မယ်. . ."

" သိပ်ကိုလိုက်ပို့ရမှာပေါ့. . ."

" ဟိတ်ကောင် "

" ဘာလဲကွ. . ."

" ဒါ လိုက်ကို လိုက်ပို့သင့်တဲ့ ကိစ္စပဲကွ. . ."

" ညီမလေး. . . ဘာတဲ့. . . သဥ္စာအောင်. . . နော်. . . အေး. . . ဘာမှမပူနဲ့. . . အကိုတို့ လိုက်ပို့ပေးမယ်"

" ဟာကွာ. . . ဒီကောင်"

နေထက်ဇော် ကောင်မလေးကို အားနာဟန်ဖြင့် တစ်ချက် ကြည့်လိုက်မိတော့သည်။

× × ×

" ဘာမှ အားနာစရာမရှိဘူး ဟေ့ကောင်။ ဒီလိုင်းတွေက ငါတို့အတွက်ကတော့ ရိုးနေပြီ. . ."

" အေးလေ. . . ဟား. . . ဟား. . . မင်းအတွက်ကတော့ တစ်ခုမှ မကြုံဖူးသေးပဲကို ကွ. . . ကောင်မလေးကတော့ အမိုက်စားလေးနော်. . . လက်နှေးမနေနဲ့ဦး။ ဒီအထာနဲ့



www.burmeseclassic.com

www.burmeseclassic.com



နေထက်ဇော်. . . သန့်ဇင်မျက်နှာကို တစ်ချက်ကြည့်လိုက်မိလေ၏။ ဒီကောင်က သူလိုမဟုတ် ဆရာဝန်ဆိုပေမယ့် လှိုင်းစုံသည်။ အထူးသဖြင့် မိန်းကလေးနှင့်ပါတ်သက်၍ ပိုပြီး အတွေ့အကြုံရှိ၏။

အခုတော့ သူ့ကိုဆရာတင်မိပါမှ အဆင်းဘီးတပ်ပေးနေပြန်သည်။ ခက်သည်ကလည်း သဥ္စာအောင်ဆိုသည့် ဒီကောင်မလေး၏ မျက်ဝန်းလှလှလေးများကို သူ မေ့မရဖြစ်နေမိပြန်၏။

အောင်ထွေး၏နှုတ်ဆက်ပွဲကအပြန် ထိုညတွင်ရင်းနှီး ခဲ့သောသူမှသည် နောက်ပိုင်းရက်များ၌ သူထံသို့ အကြောင်းမရှိအကြောင်းရှာလာကာ နွယ်နေခြင်းကြောင့် ယခုလို သန့်ဇင်နှင့် တိုင်ပင် ခဲ့ခြင်းပင်. . .

တကယ်တမ်းပြောရလျှင် သူ့အနေဖြင့် ဤဆရာဝန်ဘဝကို ရအောင် ဖော်ပြခြင်းငှာပင် မစွမ်းသာသော ရင်းနှီးမှုများစွာကို ရင်းနှီးရယူခဲ့ရလေ၏။ ထို့အတူလည်း မိမိ၏ ဂုဏ်ဒြပ်နှင့်အညီ မလျော်ကန်သည့် အပျော်အပါးများစွာကို အထူးပင်ရှောင်ကျဉ်ခဲ့ မိ၏။ တဒင်္ဂသာယာမှုတစ်ခုအတွက် သူ့ဘဝတစ်ခုလုံးနှင့်တော့ မလဲနိုင်.

သို့သော် ယခုမူ. . . ဒီကောင်မလေးနှင့်ကျမှ သူ့စိတ်များ ယိမ်းယိုင်နေသည်ကို သူ့ဘာသာသူ သိနေမိလေ၏။

" ဘာမှ စဉ်းစားမနေနဲ့ ဟေ့ကောင်. . . "

" ဆရာဝန်လည်းလူပဲ တစ်ခါတစ်လေ ပျော်စရာနှလုံးသားလေး ဘာလေးရှာတာ အပြစ်မဟုတ်ပါဘူးကွာ။ အဓိက အပျော်နဲ့ဘဝကို မရောမိစေဖို့ပဲ အရေးကြီးတယ်. . . "

သန့်ဇင် ဆက်ပြောလိုက်သောအသံကြောင့် တဒင်္ဂလွင့်မျောသွားသည့်အတွေးတို့ ပျောက်ပျက်သွားကြလေသည်။

ဟုတ်တာပဲ. . . အပျော်နဲ့ ဘဝကို တစ်ကန့်စီထားနိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



အတွေးဖြင့် နေထက်ဇော်ပြုံးလိုက်မိတော့သည်။

× × ×

" တကယ်တော့. . . အဲဒီ သဉ္ဇာအောင်ဆိုတဲ့ မိန်းကလေးဟာ တစ်ယောက်တည်း အဆောင်မှာနေပြီး။ လွင့်ချင်တိုင်းလွင့်နေတဲ့ မိန်းကလေး တစ်ယောက်ပဲ မဝသန်မိုးရဲ့ သူ့အမေကတောင် မနိုင်လို့ လွှတ်ထားရတယ်လို့ကြားတယ်. . . အမှန်တိုင်း ဝန်ခံရရင် ကျွန်တော်မြှောက် ပေးတာနဲ့ပဲ နေထက်ဇော်ဟာ သဉ္ဇာအောင်နဲ့ တွဲခဲ့တယ်။ နောက်တော့ ကောင်မလေးက အတင်းကပ်တော့မယ့် အခြေအနေမို့ နေထက်ဇော်ခွာလိုက်တယ်။အဲဒီနောက်ပိုင်း မဝသန်မိုးနဲ့ နေထက်ဇော်တို့ တွေ့ခဲ့ကြတာပါပဲ။ အခု နောက်ပိုင်းတော့ သဉ္ဇာအောင်ကို မတွေ့ရတော့ဘူး။ သူ့သန္ဓေအတိုင်း တစ်နေရာကို လွင့်သွားပြီး ဒီမြို့ကလေးမှာ မရှိတော့တာ နေမှာပေါ့ဗျာ။ မဝသန်မိုးအနေနဲ့ ဒီကိစ္စနဲ့ပါတ်သက်လို့တော့ ကျွန်တော့်သူငယ်ချင်းပေါ်မှာ ရဲရဲသာယုံလိုက်ပါဗျာ. . ."

" ဒီကောင့်အကြောင်းကို ကျွန်တော်အသိဆုံးပါ။ သူ့ ဘဝတစ်လျှောက်လုံးမှာ ဒီ ကိစ္စလေးတစ်ခုကလွဲပြီး ဘာမှ အစွန်းအထင်းမရှိခဲ့တဲ့ လူတစ်ယောက်ဆိုတာ ကျွန်တော် ရဲရဲအာမခံရဲပါတယ်"

ဝသန် ဖေါက်တာသန့်ဇင်ကို ဘာမှရှင်းပြမနေတော့ပါ။ မောင်နှင့် သဉ္ဇာအောင်တို့ ပတ်သက်မှု၏ နောက်ဆုံးအဖြစ်အပျက်ကို ဒီကမ္ဘာပေါ်တွင် မောင်မှလွဲ၍လည်း ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



သိနိုင်တော့မည် မဟုတ်ပါ။

ဒေါက်တာ သန့်ဇင်ဆီမှအပြန် ဝဿန့်ရင်တစ်ခုလုံး ပူလောင်နေတော့လေပြီ. . .။

ယခုကိစ္စက မောင်နှင့်ထိပ်တိုက်မဖြေရှင်း၍ မရတော့။ တကယ်တမ်း သူမတွေးသည့်အတိုင်းသာ ဖြစ်နေခဲ့ပါလျှင် မောင်သည်. . .

ဝဿန် စိတ်ကူးနှင့်မျှပင် မတွေးရဲတော့. . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဝသန့် မေးသံအဆုံး မောင့်မျက်နှာက တစ်ခါမှ မမြင်ဖူးခဲ့သော ဒက်ထန်မှုမျိုးဖြင့် တင်းမာ၍သွားလေသည်။

" မင်း ဘာတွေပဲ ပြောပြော။ မင်းစကားတွေက အရူးစကားတွေပဲဆိုတာ ဆေးမှတ်တမ်းတွေက သက်သေပဲ ဝသန့်မိုး"

" မင်း အခု ပြောနေတာတွေကို ငါဘာမှ မသိဘူး. . . ဘာမှ နားမလည်ဘူး. . . "

မောင့်စကားများနှင့် လေသံက သူမနှလုံးသားတို့ကို ဓါးထက်ထက်ဖြင့် ခွဲချလိုက်သည့်နှယ်. . .

" မောင်. . . ဝသန့်ကို ရူးနေတယ်လို့ ဆိုလိုချင်တာလား. . . "

" ဒီမှာမောင်. . . ဝသန့် မရူးဘူး. . . "

" အခု မေးနေတာတွေဟာ မောင့်အတွက် မေးနေတာ. . . "

" ဘာ. . . "

" ငါ့အတွက် ဟုတ်လား. . . "

" ဟား. . . "

" ဟား. . . "



www.burmeseclassic.com

www.burmeseclassic.com



" ငါ သိပ်မှားသွားတယ်. . . "

" မင်းလို စပ်စပ်စုစုနိုင်တဲ့ မိန်းမတစ်ယောက် ကို ယူခဲ့မိတာ အခု မင်းပြောနေတဲ့ သဥ္စာအောင်ဆိုတဲ့ နာမည်ကိုလည်း မင်းပြောမှပဲ ကြားဖူးတယ်။ ငါနဲ့ပတ်သက်ဖို့ဆိုတာ အဝေးကြီး. . . "

ကိုယ်က သူ့အတွက် စေတနာထားနေသော်လည်း မောင့်အားများက ခံပြင်းစရာကောင်းလှသည်။

သူမ. . . ဆွဲကြိုးလေးကို ထုတ်ယူလိုက်မိလေတော့၏။

" ဒီမှာ မောင်. . . ဟော ဒီ ဆွဲကြိုးလေးကိုတော့ မောင် မှတ်မိမှာပေါ့. . . "

ဆွဲကြိုးလေးကို မြင်လိုက်ရသော မောင့် မျက်လုံးများထဲက ညြ သွားသည့် အရိပ်အရောင်များကို ဝသဿန်အမိအရ မြင်တွေ့လိုက်ရသည်။

သို့သော်. . .

" ဒါလည်း ငါမသိဘူး. . . "

မောင့်အသံက ပြတ်သား မာထန်နေဆဲ. . .

သူမအနေဖြင့် နောက်ဆုံး သက်သေတစ်ခုကို ပြရန်ပဲကျန်တော့သည်။

" ကောင်းပြီလေ. . . ဒါဖြင့် ရှင့်သူငယ်ချင်း ဒေါက်တာ သန့်ဇင် ဆီက ရခဲ့တဲ့ ဟောဒီဓါတ်ပုံလေးကို တဆိတ်ကြည့် လိုက်ပါဦး။ အဲဒီထဲက ရှင်ဖက်ထားတဲ့ ကောင်မလေးဟာ ဘယ်သူလဲ. . . "

ဒီတစ်ခါတော့ မောင့်အမူအယာများက ပြောင်းလဲသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟင်

" မင်း. . . မင်း. . . "

" ပေးစမ်း. . . အဲဒီဓါတ်ပုံကို. . . "

ဝသန့်လက်ထဲမှ ဓါတ်ပုံကို သူ လုယူရန်ကြိုးစားလိုက်သည်။ သူမ ဓါတ်ပုံလေးကို ဖျတ်ခနဲပြန်သိမ်းလိုက်ပြီး. . .

" ရှင် . . . ဝန်ခံရင် ပြန်ပေးမှာပေါ့ ကိုနေထက်ဇော် ရယ်. . . "

" ဘာ. . . "

" ဝန်ခံရမယ်ဟုတ်လား. . . "

" အေး. . . ဟော့ဒါ ဝန်ခံတာပဲ. . . "

" ခွပ် "

" အ. . . "

ဘယ်လိုမှ ထင်မှတ်မထားခဲ့သော တုန့်ပြန်မှုကြောင့် ဝသန် ခွေ ခနဲ လဲကျ၍ သွားရလေတော့ပြီ။

သူမ မည်မျှအောင် သတိမေ့သွားခဲ့သည် မသိတော့။ ရုတ်တရက် ပြန်လည်သတိရလာချိန်၌မူ ပစ္စည်းဟောင်းများ ထား သည့် စတိုခန်းအတွင်းသို့ ရောက်ရှိနေကြောင်း သိလိုက်မိ တော့၏။

သူမ ထိန်လန့်တကြားဖြင့် လှုပ်ရှားရန် ဟန်ပြင်လိုက်ပြန် တော့. . .

" ဟင် "

သူမ တစ်ကိုယ်လုံး ကြိုးများဖြင့် အတုပ်ခံထားရသလို ပါးစပ်ကို လည်း မအော်နိုင်အောင် တိတ်များဖြင့် ကပ်ထားကြောင်းကို အံ့သြ ထိတ်လန့်စွာ သိလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ခန္ဓာကိုယ်ကို လှုပ်ရှားရုန်းကန်ကြည့်လိုက်လေ၏။ အချီးနှီးပင်. . .

ထိုအခိုက်တွင်ပင်. . .

အပြင်ဘက်ဆီမှ ခြေသံတစ်စုံကို တရှပ်ရှပ်စတင် ကြားလိုက်ရ လေတော့သည်။

ခြေသံက သူမရှိသည့် စတုခန်းဆီသို့ ဦးတည်လာနေခြင်းပင်ဖြစ်၏။

ထိတ်လန့်စိတ်ကြောင့် စိတ်ထဲမ အော်ဟစ်မိကာ မျက်ရည်တို့စီးကျလာမိလေတော့သည်။

မောင် သို့မဟုတ် ဒေါက်တာနေထက်ဇော်သည် သူမအား တစ်ခုခု ပြုလုပ်ရန် လာ၍နေချေပြီ။ လင်ယောကျ်ားဟူသော သံယောဇဉ်ဖြင့် လျှော့တွက်မိလိုက်သော အမှားကို ဝဿန်ပေးဆပ်ရပေတော့မည်။

ခြေသံက အခန်းရှေ့တွင် ရပ်တန့်၍သွားလေ၏။ ဝဿန် ပိတ်ထားသော အခန်းတံခါးကို ထိတ်လန့်ပြူးကြောင်စွာ ကြည့်နေမိလေ၏။

မကြာလိုက်. . .

အခန်းတံခါးလော့ဖွင့်သံ 'ချောက်' ခနဲ မြည်သံတစ်ခုနှင့်အတူ တံခါးက တဖြည်းဖြည်းချင်း ပွင့်၍လာတော့သည်။

သို့သော်. . .

သူမ မျှော်လင့်ထားသလို အခန်းဝ၌ ဒေါက်တာနေထက်ဇော်ကိုမူ မတွေ့ရ။

ဝဿန် အံ့ဩစိတ်ဖြင့် ပွင့်လာသည့် တံခါးဝကို ကြောင်ကြည့်နေမိ၏။ အမှန်တကယ်ပင် အခန်းဝ၌ မည်သူတစ်ဦးတစ်ယောက်မျှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ပေါက်လာခြင်းမရှိပါ။

ထိုစဉ်ပင် သူမ၏ လက်မှ ကြိုးတို့က တစ်စုံတစ်ယောက် ဖြည်ပေး လိုက်သည့်အလား ပြေလျော့၍သွားလေတော့သည်။

ဝသန် စဉ်းစားအုံ့ဩနေချိန်မပေးတော့ဘဲ ဝမ်းသာ အားရဖြင့် လက်နှစ်ဘက်ကို ဖြည်ထုတ်လိုက်တော့၏။ ထို့နောက် တဒင်္ဂအတွင်း အနှောင်အဖွဲ့မှ လွတ်မြောက်သွားလေ၏။

သူမအနေဖြင့် ဤအိမ်ကြီးအတွင်းမှ အမြန်ဆုံးလွတ်မြောက် အောင် ထွက်ရပေမည်။

အတွေးနှင့်အတူ လှုပ်ရှားမှုကို စတင်လိုက်လေသည်။

ရုတ်တရက် အခန်းချိုးကွေ့တစ်ခုအရောက်၌မူ ရပ်၍ ဧည့်ခန်း အတွင်း အခြေအနေကို ချောင်းကြည့်လိုက်မိ၏။

ဒေါက်တာနေထက်ဇော်ကား ဧည့်ခန်းအတွင်း၌ ရှိနေလေ သည်။

ထိုစဉ်ပင်. . .

" ဒေါက်တာ. . ."

" ဒေါက်တာ"

အိမ်ရှေ့မှ ခေါ်သံတစ်ခုကြောင့် ဒေါက်တာနေထက်ဇော် ထ၍ သွားသည်ကို မြင်တွေ့လိုက်ရတော့၏။

ထို အခြေအနေသည် ဝသန့်အတွက် အခွင့်ကောင်းပင်. . .

သူမ လက်လွတ်မခံတော့ ဖုန်းကွယ်နေရာမှ အမြန်ဆုံးပြေး ထွက်လိုက်တော့သည်။

အိမ်ရှေ့မှ ရောက်လာသူမှာ တစ်ဘက်ခြံက လဲ့ရည်ဖြစ် နေ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဪ . . ဒေါက်တာ . . မစရောရှိလား . . "

" ဒီနေ့ အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်လို့လာပို့တာပါ . . "

" လဲ့ . . . လဲ့ရည် . . . "

" ဟင် . . . "

" မင်း . . . "

ဝဿန် လဲ့ရည်ကို မြင်သည်နှင့် အားကိုးတကြီးပြေးအထွက် အံ့အားသင့်သွားသော မျက်နှာနှင့်အတူ ဒေါက်တာနေထက်ဇော်က သူမကို လှမ်း၍ ဖမ်းဆွဲထားလိုက်တော့သည်။

" လွှတ် . . . လွှတ် "

" ရှင် လွှတ် . . . "

" လဲ့ . . . လဲ့ရည် . . . မ မကို . . . အ . . . "

" ဝဿန် . . . "

" မောင်လေ . . . "

" မောင်လေ . . . ဝဿန်ရဲ့ "

" ဘာမှ မဟုတ်ပါဘူး လဲ့ရည်။ သူနေသိပ်မကောင်းလို့ ဆေးတိုက်

ပြီး သိပ်ထားရာက လန့်ပြီးနိုးလာတယ်ထင်တယ် . . . "

" ဝဿန် . . . သတိထားလေ . . . "

" ဝဿန် "

ရုတ်တရက် အော်ရင်း လဲကျသတိလစ်သွားသည့် ဝဿန်မိုးကို လဲ့ရည် အံ့အားတသင့် ကြည့်နေမိလေသည်။

ဒေါက်တာနေထက်ဇော်ကမူ ဝဿန်မိုးကို ပွေ့ချီလျက် . . .

" ရတယ် လဲ့ရည် . . . သူ မကြာခင်ပြန်ပြီး သတိရလာမှာပါ။ တခါ တစ်ခါ သူ နေမကောင်းဖြစ်ရင် ဒီလိုပဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်. . . ဟုတ်ကဲ့ ဆရာ"

" ဒါ. . . ဒါဆို လဲ့ရည် ပြန်တော့မယ်နော်။ ချိုင့်ကို ဒီမှာပဲ ထားခဲ့

တော့မယ် "

" ကျေးဇူးပဲ လဲ့ရည် "

လဲ့ရည် ပြန်သွားတော့မှ ဒေါက်တာနေဇော် သက်ပြင်းမောကြီး တစ်ခုကို ဟူးခနဲ ချလိုက်မိတော့သည်။

" ဝူး. . . မင်းတော်တော် ဒုက္ခပေးတဲ့ မိန်းမပဲ ဝသန်. . . တော်သေးတာပေါ့။ အချိန်မီ ဟိုကောင်မလေးမမြင်အောင် ဇက်ပိုးကိုအုပ်လိုက်နိုင်လို့သာပေါ့။ ဒီလောက် တစ်ကိုယ်လုံးကို ကြိုးနဲ့တုပ်ထားခဲ့တာကို မင်းဘယ်လိုလုပ်ပြီး လွတ်လာခဲ့ရသေးတာတုံးကွာ. . . "

" မင်းဟာ တကယ့်အာဂ မိန်းမတစ်ယောက်ပါပဲလား. . . "

ဒေါက်တာနေထက်ဇော် သတိမေ့နေသည့် ဝသန်မိုးကို စတိုခန်း ဘက်ဆီသို့ ပြန်လည်ချီမလာရင်း ပါးစပ်ကတတွတ်တွတ် ရေရွတ်လာသည်။

ထို့နောက် တစ်စုံတစ်ရာကို စဉ်းစား၍ ခြေလှမ်းများကို အိမ်နောက်ဖေးတံခါးရှိရာသို့ လှမ်းသွားလိုက်တော့သည်။

□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

သူမရုတ်တရက် ဖျတ်ခနဲသတိရလာတော့ ဒေါက်တာနေထက်ဇော် ၏ ပုခုန်းပေါ်တွင် ရောက်နေကြောင်း သိလိုက်၏။

ထိုစဉ် ဒေါက်တာနေထက်ဇော်က အရှုးတစ်ယောက်နှယ် စကား များကို ရေရွတ်နေတော့သည်။

" ငါ. . . မမှားဘူး ဝသန်"

" ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက်နဲ့ ငါလို အနာဂါတ်ကြီးတစ်ခု တည်ဆောက်နေတဲ့ လူတစ်ယောက် ခဏတာသာယာ စိတ်နဲ့မှားမိတာလောက်လေးနဲ့. . . ဘဝ တစ်ခုလုံးပေးဆပ် ရမှာလားကွာ. . ."

" ဟား. . . ဟား ငါ့ဘဝတစ်ခုလုံး ပေးဆပ်သင့်တဲ့ မင်းကို ပေးဆပ်ခဲ့ပြန်တော့လည်း . . . မင်းက ငါ့လည်ပင်းကို ကြိုးကွင်းစွပ်မယ်. . . အချစ်ဆုံး မုန်းရမယ့်သူ တစ်ယောက် ဖြစ်နေပြန်တယ်"

" ဒါတွေအားလုံးဟာ မင်း စပ်စပ်စုစုနိုင်လို့ ဖြစ်ရတာ အခုတော့ ကွာ. . . မင်းအတွက် ကံဆိုးမှုတွေဖြစ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ကံဆိုးတာပါပဲ, . . ”

“ ဟင်း. . . ဟင်း”

“ ဒါပေမယ့် ငါအရှုံးမပေးနိုင်ဘူး ဝသန်. . . ”

“ ငါ့ ဘဝ လွတ်လပ်ရှင်သန်မှုအတွက် ငါ. . . ဘာမဆို လုပ်နိုင်တယ်. . . လုပ်ရဲတယ်. . . ”

ဝသန် ဒေါက်တာနေထက်ဇော် ပုခုန်းပေါ်တွင် မလှုပ်ရဲသေး. . . သူက သူမအား. . . ရေကန်တံတားဘက်ဆီသို့ ထမ်းခေါ်လာခြင်းဖြစ်၏။

ထိတ်လန့်တုန်လှုပ်နေသောစိတ်ဖြင့် သူ့လက်ထဲမှ ဘယ်လိုရုန်းထွက်ရမည်ကို ဝသန် စဉ်းစားနေမိလေသည်။

သို့သော် ထိုအခိုက်တွင်ပင်

“ ကဲ သဥ္ဇာအောင်တုန်းကတော့ အချိုရည်ထဲ အိပ်ဆေးတိုက်ပြီး ဒီကန်ကြီးထဲမှာ ထာဝရအိပ်စက်ခိုင်းခဲ့တယ်။ အခုမင်းလည်း သတိမေ့နေရင်းနဲ့ ဒီကန်ကြီးထဲမှာ ထာဝရအိပ်စက် အနားယူပေဦးတော့. . . ဝသန်ရယ်”

ရုတ်တရက် အေးခနဲဖြစ်သွားစဉ် ဝသန် ကြောက်အားလန့်အား ဖြင့် ဒေါက်တာ နေထက်ဇော်၏ လည်ပင်းကို ဖက်တွယ်ထားလိုက်လေရာ

“ ဟာ. . . ”

“ မင်း ”

“ မင်း ”

“ ဝုန်း ”

ကန်ရေပြင်ထဲသို့ နှစ်ယောက်စလုံး လုံးထွေးပြုတ်ကျ၍ သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးခနဲအတွေ့အထိနှင့်အတူ နှစ်ယောက်စလုံး ဝရှန်းသုန်းကားဖြင့် ရေအောက်ကြမ်းပြင်ထိလူနီးပါးမျှ နစ်မြုပ်ထိုးဆင်းသွားကြလေ၏။

ရုတ်တရက် သတိရချိန်၌မူ ဝဿန်ရေပေါ်သို့ ပြန်တက်နိုင်ရန် ကြိုးစားလိုက်လေ၏။

သို့သော ထိုအချိန်၌ပင် သန်မာလွန်းသည့် လက်တစ်စုံသည် သူမ၏ လည်တိုင်ကို ဖျစ်ညှစ်လာတော့သည်။

သူမအား တမလွန်သို့ အရောက်ပို့ချင်နေသည့် မောင်သို့မဟုတ် ဒေါက်တာနေထက်ဇော်ပါပေ. . .

ဝဿန် ရုန်းကန်ရန်ပင် ခွန်အားမရှိတော့လောက်အောင် ရေမွန်း နစ်ခြင်း၏ ဝေဒနာကို ခံစားနေရပေပြီ။

သူမ ကြောက်လန့်တကြားဖြင့်သာ ခြေလက်များကို ရုန်းကန်နေမိ၏။

လည်တိုင်ပေါ်မှ ဒေါက်တာနေထက်ဇော်၏ လက်များကလွတ်၍ မသွား. . .

ရုတ်တရက် သူမ ကယ်တင်ပေးနိုင်မည့်သူကို အားကိုးတကြီးတောင်းတမိလိုက်လေသည်။

ထိုစဉ်မှာပင်. . .

" ဟင် "

သူမတို့ရှိရာသို့ တရိပ်ရိပ်လာနေသည့် မည်းမည်းသဏ္ဌာန်တစ်ခုကို ဝဿန် မြင်တွေ့လိုက်ရတော့သည်။

ဘာမှ မကြာလိုက်. . .

အနီးသို့ ထိုသဏ္ဌာန်သည် ရောက်ရှိလာလျှက် ပျော့ပျောင်းဝဲလွင့် နေသည့် သူ၏ဆံနွယ်ရှည်ကြီးများက ဒေါက်တာ နေထက်ဇော်



www.burmeseclassic.com

www.burmeseclassic.com



၏ လည်ပင်း ကို နောက်မှ တုပ်ဆွဲသွားလေတော့သည်။

အဆမတန် မွန်းကြပ်နေပြီဖြစ်၍ ဒေါက်တာနေထက်ဇော် လက်မှ လွတ်မြောက်သွားသည်နှင့် သူမလည်း ရေပေါ်သို့ အမြန်ဆုံး ထိုးတက်လိုက် လေတော့သည်။

ထိုစဉ်မှာပင် . . .

" ဟော . . ."

" ဟို . . . ဟိုမှာ . . . မဝဿန်မိုး ပေါ်လာပြီဟေ့ . . ."

တံတားပေါ်မှ ပြေးလာကြသည့် ကိုကျော်ဇေယျတို့ လင်မယားကို ရေပေါ် ပေါ်လျှင်ပေါ်ချင်း ဝဿန် အားတက်ဖွယ် မြင်တွေ့ လိုက်ရ လေတော့သည်။

ချက်ချင်းပင် ကိုကျော်ဇေယျက ရေထဲသို့ ဒိုင်ပင်ထိုးဆင်းကာ အနီးသို့ ရောက်လာလေ၏။

" မ . . . ဝဿန်မိုး"

" ဘာမှ မဖြစ်ဘူးနော် . . ."

အမောလွန်ကာ မျက်လုံးများ ပြာဝေနေသဖြင့် သူမပြန်မဖြေ နိုင်သေး . . .။

ကျော်ဇေယျက သူမအား ကမ်းပေါ်သို့ဆွဲခေါ် သွားတော့ သည်။ များမကြာမီ ကမ်းပေါ်သို့ရောက်၍ အမောပြေမှ . . . လဲ့ရည် က . . .

" ဒေါက် . . . ဒေါက်တာရော . . . မ မ"

" ဟင် . . ."

" ဒေါက်တာရော . . ."

သူမ တုန်ရီထိတ်လန့်နေသောစိတ်ဖြင့် စကားတစ်ခွန်းသာ ဆိုနိုင် လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



" သူ. . . သူ နေရာအမှန်ကို သင်္ချာအောင်ကိုယ်တိုင် ခေါ်. . . ခေါ်သွားပြီ. . . "

ထိုအချိန်မှာပင်. . . တံတားပေါ်မှ ရိန်းဂျား၏ ဆွဲဆွဲငင်ငင် အူ လိုက်သံကြီးသည် တိုက်ဆိုင်စွာ ထွက်ပေါ်လာလေတော့သည်။

" ဝူ. ... အူ. . . . "

" အူး. . . "

" အူး. . . "

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဝဿန်နံ့အဖို့ ကျန်ရစ်နေခဲ့သော အခြေအနေများက မယုံနိုင်ချင် စရာတွေဖြစ်၍ နေတော့လေပြီ. . .။

သူမ၏အသက်အား နှစ်ကြိမ်တိုင်တိုင် ကယ်ဆယ်ခဲ့ကြသောကို ကျော်ဇေယျနှင့် လဲ့ရည်တို့လင်မယားသည်. . . ဒုရဲအုပ် အောင်ကျော်ထွန်း နှင့် ဒုရဲအုပ် တင်မေရီဟူသော ရဲအရာရှိများ ဖြစ်နေခဲ့ကြလေ၏။

ထိုအခါ ဒုရဲအုပ် အောင်ကျော်ထွန်းက. . .

" တကယ်တော့ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ အထက်က ပေးတဲ့ တာဝန်နဲ့ သဉ္ဇာအောင်ပျောက်ဆုံးနေမှုအပေါ် မသင်္ကာတဲ့ ဒေါက်တာနေထက်ဇော်ကို အနီးကပ် ထောက်လှမ်း စုံစမ်းနေကြတာပါ။ အခုတော့ အားလုံးရှင်းလင်းသွားကြပါပြီ။ ဒေါက်တာ နေထက်ဇော်ဟာ တကယ်တော့ နှမြောစရာကောင်းတဲ့ ဆရာဝန်ကောင်း တစ်ယောက်ပါ. . ."

" ဒါပေမယ့် မထင်မှတ်တဲ့ အမှားတစ်ခုကို ညည်းလမ်းကျကျ



www.burmeseclassic.com

www.burmeseclassic.com



မဖြေရှင်းဘဲ အတ္တလွန်ကဲတဲ့ အဗ္ဗိတတစ္ဆေရဲ့ ခြောက်လှန့်မှုကြောင့် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့တဲ့အတွက် အခုလို အဖြစ်ဆိုးကြီးနဲ့ ကြုံတွေ့သွားရတာပါပဲ. . .”

“မဝသန်မိုးပြောသလို သူ့နေရာမှန်ကို ရောက်သွားတယ်လို့ ဆိုရမလားပဲ. . .သူသေဆုံးခဲ့ရတဲ့ အဖြစ်အပျက်ကလည်း အတော်ကို ဖြစ်တောင့်ဖြစ်ခဲ အဖြစ်တစ်ခုပါ။ ရေအောက်ထဲမှာ သုံးလကျော်ကျော်လောက် ပုတ်ပွနေတဲ့ အလောင်းရဲ့ ဆံပင်တွေနဲ့ ငြိပြီးမရုန်းနိုင် မလှုပ်နိုင်ဘဲ သေဆုံးခဲ့ရတဲ့ အဖြစ်ဟာ စဉ်းစားကြည့်ရင် တော်တော့်ကို အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်ပဲလေ. . .”

BURMESE CLASSIC

မည်မျှပင် ရက်စက်ခဲ့သည်ဖြစ်စေ နှလုံးသားက အချစ်ဆုံးဟု လက်ခံထားဆဲဖြစ်သော မောင့်အတွက် ဝသန်မျက်ရည်တို့ ကျခဲ့ရပြန်ပါတော့သည်။

ထိုအခါ ဒုရဲအုပ် တင်မေရီကလည်း. . .

“ လှဲ့ရည်. . . အဲ. . . ညီမတို့. . . မမကို ဇာတ်လမ်းဆင်ရင်းနှီးအောင်လုပ်ပြီး အမြဲတမ်း မမကို စောင့်ကြည့် စောင့်ရှောက်နေကြတာပါ။ အခုလည်း အုန်းနှီခေါက်ဆွဲ လာပို့ယောင်ဆောင်ပြီး မမ အခြေအနေကို လာစုံစမ်းကြည့်တော့ ဒေါက်တာနေထက်ဇော်ရဲ့ မသက်ာစရာကောင်းတဲ့ အခြေအနေတွေကို မြင်ခဲ့ရတယ်လေ”

“ ဒါနဲ့. . . ဒီက ဆရာ ကိုအောင်ကျော်ထွန်းနဲ့တိုင်ပင်ပြီး လိုက်လာခဲ့ကြတာ. . . အချိန်မီလေးလို့ ဆိုရမှာပဲ. . .”

“ ဟိုအရင် ရိန်းဂျားကြီးပောင်ပြီး မမပြုတ်ကျ ကတည်းက. . . ဒီကန်ထဲမှာထူးခြားမှုတစ်ခုတော့ ရှိနေပြီလို့တော့



www.burmeseclassic.com

www.burmeseclassic.com



ထင်သား. . . ”

“ ဆရာ ကိုအောင်ကျော်ထွန်းတော့ မသိဘူး ကျွန်မကတော့ သာမန်လူတွေရဲ့ ဉာဏ်နဲ့လိုက်မမီနိုင်တဲ့ ထူးဆန်းတဲ့ အချင်းအရာတွေ လောကကြီးထဲမှာ ရှိနေတယ်လို့ ယုံကြည်မိတယ် စဉ်းစားကြည့်လေ. . . အခု ဒေါက်တာနေထက်ဇော် သေဆုံးခဲ့ရတဲ့ အဖြစ်အပျက်. . . ကြိုးတုပ်ခံထားရတဲ့ စတိုခန်းထဲက လွတ်မြောက်လာခဲ့တဲ့ မမရဲ့အဖြစ်နဲ့ ညီမတို့လို ရဲအရာရှိ မဟုတ်ဘဲ. . . ဆရာ ခုနကသုံးခဲ့သလို အဖွတ စိတ်အာရုံနဲ့ သဥ္စာအောင် အဖြစ်အပျက်ကို စုံစမ်းသိနိုင်ခဲ့တဲ့. . . မမ ဝဿန်မိုးရဲ့ အဖြစ်အပျက်အားလုံးဟာ ဘယ်လောက်အံ့သြစရာကောင်းလဲ. . . ”

မှန်ပါသည်။ ဝဿန်အဖို့ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များသည် တစ်သက်မေ့နိုင်ဖွယ်ပင် မရှိတော့။ ဒါတောင် မိမိ အမှန်တကယ် မြင်တွေ့ခဲ့ရသော အဖြစ်အပျက်အားလုံးတို့ကို ဒုရဲအုပ် အောင်ကျော်ထွန်း နှင့် ဒုရဲအုပ် တင်မေရီတို့အား အကုန်မပြောပြသေး. . .

တကယ်သာ သိခဲ့ကြလေလျှင်. . .

သူတို့ပြောသကဲ့သို့ အဖွတစိတ်တစ္ဆေ၏ ခြောက်လှန့်ခြင်းကြောင့် ထင်မြင်သည့် အာရုံနိမိတ်များဟု ပြောကြလေဦးမည်လား. . .

ဘာပဲပြောပြော သူမကတော့. . .

နောက်ထပ်. . . ဘယ်သောအခါမှ. . . ယခင်စွဲလန်းစွာ ဝါသနာ ကြီးခဲ့သော. . . တစ္ဆေ သရဲ ဝိဉာဉ်များအကြောင်းကို ထပ်ပြီး မစဉ်းစားဝံ့တော့. . .

ကြယ်စင်လင်းအာဝေ

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော်. . .

ယခုမှ သူမကိုယ်တိုင် တွေ့ကြုံဖြစ်ပျက်ခဲ့ရသော အကြောင်းအရာ တို့သည်ပင်. . .

'ဆတ်လက်ကြိုးစားပါဦးမည် . .'

ပုဏ္ဏက

www.burmeseclassic.com